ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောကၹ် ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်(ဓမ္မပဒ–၅)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 25 November 2026 ၁၂၇၃

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ဟူးတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ညမီးကြိုး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအာသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စု နယ်မြေနေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီးဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရိုနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

တိုင်းပြည်သာယာဝပြောဖို့ တစ်မျိုးသားလုံး စွမ်းဆောင်ဖို့ …

ဆောင်းပါး စာမျက်နှာ » ၁၀

ပညာရပ်ချင်းဖလှယ်လို့ တိုင်းရင်းဆေးကဏ္ဍ မြှင့်တင်ဖို့

ဆောင်းပါး စာမျက်နှာ » ၁၅

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/၈လ

Coffee Expo Seoul 2027 တွင် မြန်မာနိုင်ငံကို တရားဝင် ဂုဏ်ထူးဆောင်ည့်သည်နိုင်ငံအဖြစ် ရွေးချယ်

ဆိုးလ် နိုဝင်ဘာ ၂၄

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX ပြပွဲခန်းမ၌ ၂၀၂၇ ခုနှစ် ဖြို ၂၈ ရက်မှ မေ ၁ ရက်အထိ ကျင်းပသွားမည့် Coffee Expo Seoul 2027 တွင် မြန်မာနိုင်ငံကို တရားဝင်ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံ (Official Guest Country of Honor)အဖြစ် ရွေးချယ်ကြောင်း ပြပွဲကျင်းပရေးအဖွဲ့က နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာသံရုံး ဆိုးလ်မြို့သို့ တရားဝင်အကြောင်းကြားလာကြောင်း အဆိုပါသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ထူးခြားထင်ရှားခဲ့

ယင်းထုတ်ပြန်ချက်၌ Coffee Expo Seoul 2027 Secretariat ၏ အကြောင်းကြားစာတွင် မြန်မာနိုင်ငံ၏အဆိုပြုလွှာသည် မြန်မာ့ကော်ဖီယဉ်ကျေးမှုကို မြှင့်တင်ဖော်ထုတ်ရန်နှင့် ကိုရီးယားနိုင်ငံတွင် စီးပွားရေးမိတ်ဖက်ဆက်ဆံမှုအသစ်များ တည်ဆောက်ရန် ခိုင်မာသောရည်မှန်းချက်နှင့် ကြိုးပမ်းအားထုတ်မှုများ ပါဝင်သည့်အတွက် ထူးခြားထင်ရှားခဲ့ကြောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✦

ကျိုင်းတုံမြို့နယ် ဝမ်ဆာကျေးရွာကို လူထုအခြေပြုခရီးသွားလုပ်ငန်း အထောက်အကူပြုကျေးရွာအဖြစ် တိုးချဲ့ဆောင်ရွက်မည်



ပြည်တွင်းခရီးသွားများ အများဆုံးလာရောက်လည်ပတ်ရာ ဘဝသံသရာတံတားကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်တွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း အထောက်အကူပြု ကျေးရွာ ၁၈ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၌ ကျိုင်းတုံမြို့နယ်ရှိ ဝမ်ဆာကျေးရွာကို လူထုအခြေပြု ခရီးသွားလုပ်ငန်း အထောက်အကူပြုကျေးရွာအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✪

နိုင်ငံတော်၏ဂုဏ်သိက္ခာထိန်းသိမ်းပြည်သူလူထု၏ဆန္ဒအလေးထား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံထုတ်ပြန်ချက် (၅)ရပ် အကောင်အထည်ဖော်မှုအပေါ် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ သုံးသပ်ချက်နှင့်ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ အသိအမှတ်ပြုကြိုဆိုကြောင်း ဖော်ပြချက်အချို့ကို မြန်မာနိုင်ငံက အသိအမှတ်ပြုသော်လည်း အစည်းအဝေး၏ ကြေညာချက်နှင့် အကြံပြုတိုက်တွန်းချက်များသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များအပေါ် ထင်ဟပ်မှုမရှိသည့်အပြင် တရားမျှတမှုမရှိကြောင်း စိတ်မကောင်းဖွယ်တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့် အပြန်အလှန်ဆက်နွယ်မှုရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအပေါ်မူတည်၍ အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် အဖြစ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်။ အာဆီယံသည် မြန်မာနိုင်ငံအပေါ် တူညီဆန္ဒရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နှစ်ပေါင်း ၇၀ ကျော်ကြာ အဖြစ်တွယ်လျက်ရှိသည့် ပြည်တွင်းသောင်းကျန်းမှုများ အလုံးစုံချုပ်ငြိမ်းစေရန် နိုင်ငံတော်အစိုးရအဆက်ဆက်က နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လမ်းကြောင်းအတိုင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်ရန် သက်ဆိုင်သူအားလုံးကို အကြိမ်ကြိမ်ဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်လက်နက်ကိုင်များအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ အကြမ်းဖက်အဖွဲ့ဝင်စုစုပေါင်း ၅၈၇ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုပေါင်း ၃၈ ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေများအရ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများသာရှိပြီး နိုင်ငံရေးအကျဉ်းသားများမရှိပါ။ နိုင်ငံတော်တည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှု၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နိုင်ငံသားနှင့်နိုင်ငံခြားသား အကျဉ်းသားစုစုပေါင်း ထောင်သောင်းချီ၍ ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အတွက် လိုအပ်သည့် တုံ့ပြန်မှုများကို ပြည်တွင်းဥပဒေများ၊ ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အနည်းဆုံးအင်အားဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ခြင်းသာရှိသည်။

လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးတွင် မြန်မာနိုင်ငံသည် အာဆီယံအဟာစင်တာ(AHA Centre) နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ငါးနှစ်တာကာလအတွင်း အဟာစင်တာမှတစ်ဆင့်မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီစုစုပေါင်းအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၁၅ သန်းကျော်ပေးအပ်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့်ကျခံသုံးစွဲခဲ့သည်။ အဟာစင်တာမှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးကို လုံခြုံရေးအရ ခွင့်ပြုနိုင်သည့်ဒေသများတွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ရာတွင် စည်းမျဉ်းကိုအခြေခံသည့် အာဆီယံသည် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံလျက်ရှိပြီး အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ အထူးသဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူညီမျှရှိမှု၊ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်မှုနှင့်တူညီဆန္ဒဖြင့် ဆုံးဖြတ်မှုတို့ကို လေးစားလိုက်နာခြင်းမရှိသည်မှာ လွန်စွာစိတ်မကောင်းဖွယ်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သဘောထားအခြေများ၊ အကြပြုချက်များနှင့်ရပ်တည်ချက်များကို အကြိမ်ကြိမ်လျစ်လျူရှုခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ခံစားရရှိမည့် တန်းတူအခွင့်အရေးများနှင့် အပြည့်အဝကိုယ်စားပြုခွင့်များကို ဆက်လက်ငြင်းပယ်ခဲ့ရာ ထိုသို့သော ဆောင်ရွက်ချက်များသည် အာဆီယံအသိုက်အဝန်း၏ အခြေခံအုတ်မြစ်ဖြစ်သော အားလုံးပါဝင်ရေး၊ တန်းတူညီမျှမှုရှိရေး၊ အပြန်အလှန်လေးစားရေးနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ရေးတို့နှင့် ဆန့်ကျင်နေရုံသာမက အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံ၏ စိန္ဒနိုးကျင့်ဝတ်များအား တစ်သမတ်တည်း အကောင်အထည်ဖော်မှုအပေါ် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေခဲ့သည်။ အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများအားလိုက်နာရန် ဆက်လက်ပျက်ကွက်နေမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒသဘောထားများအရ အခြေခံမူများကို လေးစားလိုက်နာရန် အခက်အခဲရှိမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍတို့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေဆိုးဝိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"စစ်ရေးပစ်မှတ်မဟုတ်တဲ့ပြည်သူ့ပိုင် အဆောက်အဦတွေကို ယုတ်မာရိုင်းစိုင်းစွာ ရည်ရွယ်ချက်ရှိရှိ ဖြိမ်းခြောက်ဖျက်ဆီးတိုက်ခိုက်နေကြတဲ့ အကြမ်းဖက် PDF များ "** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် **"အာဏာရရေးအတွက်နဲ့ သန်း ၅၀ ကျော်သော ပြည်သူလူထုကို အလဲအလှယ်လုပ်ကြတော့မည့် နိုင်ငံရောင်းစားသူများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၀၅၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

၂၄ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၃၂ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
		အယ်ဒီတန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းပုံနှင့် ဒီဇိုင်း	- နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၃၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော ဘုရားဒါယကာ၊ဒါယိကာမများက နမောတဿအစချီ၍ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠို၊ ပရိတ်၊ မေတ္တာပို့လက်ံများကို ရွတ်ဆိုပွားများ ပူဇော်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်၍ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းခိုနိုအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးကိုယ်စားပြု ရာထူးကန်းစင်တော်များမှ ရာထူးလုပ်ပူဇော်ထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ ဆက်ကပ် ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော် ထိုနောက် မသိုးရွှေကြာသင်္ကန်းတော်များအား ဥပါသကာများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ဆက်ကပ်ပူဇော်သည်။

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက နမောတဿ အစချီ၍ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠို၊ ပရိတ်၊ မေတ္တာပို့လက်ံများကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။





ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး သမ္မာဒေနတ်ကောင်း နတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို “ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု” သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရား ရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ်နိုင်ငံတစ်ဝန်းအမြို့မြို့ အနယ်နယ်၌ စည်ကားသိုက်မြိုက် စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဥဇ္ဈာတော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၌လည်း နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

> **နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုး၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းစဉ်။**

ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး “ဗုဒ္ဓသရဏဂမ်ဆာမိ” အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် သာသနာရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုး၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ် သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။



သာသနာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ရောက်ရှိကြရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် သံတမန်များက ဆီမီးများ အတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သဒ္ဓါဓိပတိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

ဂုင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံတမန်များနှင့်အတူ မီးပုံးပျံငယ်များကို အတူတကွလွှတ်တင်ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် HAPPY TAZAUNGDAING Diplomatic CORPS စာတန်းရေး ထိုးချိတ်ဆွဲထားရှိသည့် စိန်နားပန် မီးပုံးပျံအား နိုင်ငံတကာသံတမန်များက မီးပုံးပျံအဖွဲ့သားများနှင့် အတူ ဝေဟင်ထက်သို့ လှပစွာဖြင့် ဂုဏ်ပြုလွှတ်တင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် နိုင်ငံတကာသံတမန်များသည် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတကာ သံတမန်များက ယဉ်ကျေးမှုအဖွဲ့များနှင့် အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွဲခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးတို့က ညမီးကြီး (ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် စည်းကမ်း အကောင်းဆုံးဆု၊ စက္ခုပသာဒ အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် သင်္ကန်းအား ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက် စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချုပ်ရိုးချုပ်သား အကောင်းဆုံးဆုရရှိသည့် အသင်းများအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့ ☆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ၊ သံတမန်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိ ပူဇော်စဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြိုးမီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၄ မှ

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက ညမီးကြိုး (ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတို့တွင် မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှုအကောင်းဆုံးဆုရရှိသည့် အသင်းတို့အား လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက မှိုင်းခံစံချိန်အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှုအကောင်းဆုံးဆုရရှိသည့် အသင်းတို့အား လည်းကောင်း ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ညမီးကြိုး(ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများအား လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညီစောကညမီးကြိုး(ညမီးကျည်) မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူဝင်မှုကြိုးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဒဂုံ ရက်ကန်းစင်တော် အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ညမီးကြိုး(ညမီးကျည်) မီးပုံးပျံ လွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ် ကိုယ်စားပြု တောင်ဇလပ် ရက်ကန်းစင် အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စု နယ်မြေနေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်တွင်ကျင်းပပြုလုပ်လျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြိုးနှင့် စိန်နားပန်မီးပုံးပျံကြိုးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကိတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသ ရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်ကိုယ်စားပြု တောင်ဇလပ်ရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံတမန်များနှင့်အတူ မီးပုံးပျံငယ်များကို အတူတကွ လွှတ်တင်ကြစဉ်။



ဒုတိယသမ္မတ ဦးညီစော ညီမီးကြီး (ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြီးပွဲတွင် ဒုတိယဆုရရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြီးပွဲတွင် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှင်စောပု ရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြီးပွဲတွင် မြို့ငံခံစံချိန်အကောင်းဆုံးဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြီးပွဲတွင် မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြီးပွဲတွင် အတက်စံချိန်အကောင်းဆုံးဆုရရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ညမီးကြီး (ညမီးကျည်)၊ မီးပုံးပျံလွှတ်တင် ပူဇော်ပြီးပွဲတွင် မီးပုံးပျံအတက် အကောင်းဆုံးဆုရရှိသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မာရဝိဇယဗုဒ္ဓရုပ်ဟူးတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်
မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ညမီးကြီး(ညမီးကျည်မီးပုံးပျံ) ဆုရစာရင်း

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	မီးပုံးပျံအမည်	ဆုအမျိုးအစား
၁။	နယ်စပ်ရေးရာဝန်ကြီးဌာန	သာယာရွှေပြည်	ပထမ
၂။	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	လမင်းထိန်သာ ပြည်မြန်မာ	ဒုတိယ
၃။	ပြန်ကြားရေးဝန်ကြီးဌာန	ပြန်ကြားအားမာန် မိုးထက်ယံ	တတိယ
၄။	ကာကွယ်ရေးဝန်ကြီးဌာန	အောင်တံခွန်	မြို့ငံခံစံချိန်အကောင်းဆုံးဆု
၅။	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန	ပဘာဝတီ	မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု
၆။	ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	မြန်မာမောင်	အတက်စံချိန်အကောင်းဆုံးဆု
၇။	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ပြည်လုံးချမ်းသာ	မီးပုံးပျံအတက်အကောင်းဆုံးဆု
၈။	ဆောက်လုပ်ရေးဝန်ကြီးဌာန	ဝိသကြံ	ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု
၉။	သယ်ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	စိမ်းလန်းမြေ	စက္ခုပဿာဒအကောင်းဆုံးဆု
၁၀။	စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန	စက်မှုအားမာန်	စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု

မာရဝိဇယဗုဒ္ဓရုပ်ဟူးတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်
မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ(စိန်နားပန်မီးပုံးပျံ) ဆုရစာရင်း

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	မီးပုံးပျံအမည်	ဆုအမျိုးအစား
၁။	ဥပဒေရေးရာဝန်ကြီးဌာန	ဝိုလာ	ပထမ
၂။	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	လူကယ်ပြန်	ဒုတိယ
၃။	ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန	စွဲမက်ဖွယ်ရာပြည်မြန်မာ	တတိယ
၄။	တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန	ပြည်ထောင်စု တိုင်းရင်းသား	မြို့ငံခံစံချိန်အကောင်းဆုံးဆု
၅။	အားကစားရေးရာဝန်ကြီးဌာန	ပြည့်ဂုဏ်ဆောင်	မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု
၆။	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	အာသာဝတီ	အတက်စံချိန်အကောင်းဆုံးဆု
၇။	ပညာရေးဝန်ကြီးဌာန	မြတ်ပညာ	မီးပုံးပျံအတက်အကောင်းဆုံးဆု
၈။	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	မေဘရာဏီ	ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု
၉။	ကျန်းမာရေးဝန်ကြီးဌာန	အာရောဂျ	စက္ခုပဿာဒအကောင်းဆုံးဆု
၁၀။	နိုင်ငံခြားရေးဝန်ကြီးဌာန	သားကောင်းတမန်	စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု

မာရဝိဇယဗုဒ္ဓရုပ်ဟူးတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်
မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုရစာရင်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	စင်တော်အမည်	ဆုအမျိုးအစား
၁	ချင်း	တောင်ဇလပ်	ပထမဆု
၂	ရန်ကုန်	တော်ဝင်ဒဂုံ	ဒုတိယဆု
၃	ပဲခူး	ရှင်စောပု	တတိယဆု
၄	နေပြည်တော်	တော်ဝင်ရွှေပြည်	အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှုအကောင်းဆုံးဆု
၅	ရခိုင်	ပိုးဝါသူ	အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သားတည်ဆောက်မှု အကောင်းဆုံးဆု
၆	မန္တလေး	အမရရွှေပြည်	အဖွဲ့လိုက်ချုပ်ရိုးချုပ်သား အကောင်းဆုံးဆု
၇	မကွေး	စိန်ရတီ	အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု
၈	ကရင်	ဖွဲကပင်	အဖွဲ့လိုက်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု
၉	ဧရာဝတီ	ရွှေပြည်ဧရာ	အဖွဲ့လိုက်သင်္ကန်းအား ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု
၁၀	ကချင်	မနောမြေ	အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု

တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုရန် တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ဧယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်စဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ဧယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

တန်ဆောင်မုန်းလသည် လောကတစ်ခွင် ကြည်လင်ထွန်းပြီး ဥတုသပ္ပာယမျှတသည့် မွေ့လျော်ဖွယ်ကောင်းသောလဖြစ်ပြီး ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ၏ ကောင်းမြတ်သော ယဉ်ကျေးမှုအစဉ်အလာကောင်းများ ဖြစ်သော ကထိန်သင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းခြင်း၊ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတန်ဆောင်များ ထွန်းညှိပူဇော်ခြင်း စသည့် ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြသော လမြတ်မင်္ဂလာအချိန်အခါကောင်း ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလ သုတ်တော်ခေါ် ရဟန်းပြုရအကျိုးပြတရားတော်ကိုဟောကြားတော်မူသော နေ့ထူးနေ့မြတ်လည်းဖြစ်ရာ အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော် မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူဆည်းပူးပွားများခြင်း၊ မြတ်စွာဘုရားအား ရည်မှန်း၍ ဘုရားစေတီပုထိုးများ၊ နေအိမ်များ၌ ဆီမီးများ၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဆင်နွဲခဲ့ကြသည်။





အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွဲခဲ့ကြသည်။

ဆီမီးများ ကပ်လှူပူဇော်

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက တန်ဆောင်မုန်းလပြည့်အခါသမယ ဆီမီးများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူကြပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ပြုလုပ်ခြင်း၊ မီးပုံးများလွှတ်တင်ခြင်း၊ စွေးရောင်းပွဲတော်များ၊ နိဗ္ဗာန်စွေးပွဲတော်များ၌ လည်ပတ်ကြည့်ရှုခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွဲကြသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ အများပြည်သူများအနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ကုသိုလ်ယူတစ်ခဲနက်ပါဝင်ဆင်နွဲကြသဖြင့် ကြက်ပျံမကျစည်ကား



နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒကွိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးတွင် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်၊ ဇာတ်သဘင်နှင့် တေးဂီတ ဖျော်ဖြေရေးပွဲတို့ကို ယနေ့ တန်ဆောင်မုန်းလပြည့် ပွဲတော်တတိယနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော် မြောက်ဘက်ဝတ္တကမြေပေါ်ရှိ သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူတစ်ခဲနက် ပါဝင်ဆင်နွဲကြသဖြင့် ကြက်ပျံမကျစည်ကားခဲ့သည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီး၏ နောက်ဆုံးနေ့ဖြစ်သည်နှင့်အညီ နံနက်ပိုင်းမှစတင်၍ ဘုရားကြီးသို့ လာရာလမ်းတစ်လျှောက်နှင့် မုခ်ဦးအပြင်ဘက်ရှိ ကားရပ်နားဝင်းများ၌ နေပြည်တော် ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၏ မော်တော်ယာဉ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကား များပြားလျက်ရှိရာ ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးတို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက် လမ်းကြောင်းများတွင် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပွဲတော်လာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညိုကုသိုလ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့၌ လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဘုရားရင်ပြင်တော်သို့ အဆင်ပြေလွယ်ကူစွာ တက်ရောက် ဖူးမြော်နိုင်ရေးအတွက်လည်း ဂှီးချဲလ်များနှင့် မော်တော်ယာဉ်ငယ်များဖြင့် စေတနာထားစီစဉ် ပို့ဆောင်ပေးလျက်ရှိပြီးပွဲတော်အတွင်း ဆီမီးထွန်းညှိပူဇော်နိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြမည့်နေရာများ၊ ဈေးပွဲတော်နှင့် ဖျော်ဖြေရေးနေရာများသို့ အလွယ်တကူ သွားလာလေ့လာနိုင်ရန် လမ်းညွှန်ပြသ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် ဘုရားဖူးလာပြည်သူများအနေဖြင့် ကြည်နူးအေးချမ်းစွာ တပျော်တပါးပါဝင်ဆင်နွဲလျက်ရှိကြသည်။

ထို့နောက် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းသို့ ဝင်ရောက်သည့်ဂိတ်အဝင်ဝ လျှောက်လမ်းတစ်လျှောက်တွင် နီယွန်ရောင်စုံအလှမီးများ လှပဝေဆာစွာ ဆင်ယင်ထွန်းညှိထားသည့် မြင်ကွင်းကို ဦးစွာကြည့်ရှုခံစားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော် မေတ္တာပို့သခြင်းတို့တွင် စုပေါင်းကုသိုလ်ယူ ပါဝင်ဆင်နွဲခဲ့ကြသဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဆီမီးရောင်စုံများ ထိန်ထိန်ညီး လင်းလက်တောက်ပနေသည့် မြင်ကွင်းနှင့်အတူ တရားဓမ္မအသံများ ပျံ့လွင့်ထုံမွမ်းလျက်ရှိရာ ဘုရားဖူးလာပြည်သူအပေါင်းတို့အား ကြည်ညိုသဒ္ဓါတရားနှင့် ကုသိုလ်စိတ်များ တဖွားဖွား တိုးပွားဖြစ်ပေါ်စေခဲ့သည်။

ပွဲတော်ကြီး၏ ဆွဲဆောင်မှုအရှိဆုံး အထူးအစီအစဉ်တစ်ရပ်ဖြစ်သည့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြမည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်ရောက်ရှိနေရာယူ စောင့်ဆိုင်းနေကြပြီး မီးပုံးပျံကြီးများ ကောင်းကင်ယံသို့ ဘေးကင်းအောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ရေးအတွက် တာဝန်ရှိသူများ၏ အားသွန်ခွန်စိုက်ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို စိတ်အားထက်သန်စွာ စောင့်ကြည့်အားပေးကြည့်ရှုကြကာ လွှတ်တင်ပူဇော်မည့် အချိန် နီးကပ်လာသည်နှင့်အမျှ ပရိသတ်များ ပိုမိုစုဝေးရောက်ရှိလာကြသဖြင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် နောက်ဆုံးညဝ၏ ကြည်နူးပျော်ရွှင်ဖွယ် အနှစ်သာရနှင့် အငွေ့အသက်များမှာ အထူးပင် အသက်ဝင်တောက်ပခဲ့သည်။

မီးပုံးပျံများ စတင်လွှတ်တင်ပူဇော်ချိန်သို့ ရောက်ရှိလာသည့်





အခါ တိုင်းရင်းသားရိုးရာအက အလှများ၊ အိုးစည်ဒိုးပတ်နှင့် သံချပ်တီးလုံးများဖြင့် စည်ကားသိုက်မြိုက်စွာ တွဲဖက်ဖျော်ဖြေကြပြီးညမီးကြီး၊ စိန်နားပန်မီးပုံးပျံကြီးများနှင့် မီးပုံးပျံအသေးများ ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြကာ ရောင်စုံမီးပန်းများနှင့် မီးပုံးပျံကြီးများ၏ အလှတရားတို့ ပေါင်းစပ်ကာ တန်ဆောင်မုန်းလပြည့် ညအလှကို ပိုမိုထင်ရှားပေါ်လွင်စေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနက "မိုလာ"၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက "မေဘရဏီ"နှင့် အလုပ်သမား ဝန်ကြီးဌာနက "ပြည့်စွမ်းအား" အမည်ရှိ မီးပုံးပျံကြီးများကို ကောင်းကင်ယံထက်သို့ လှပခမ်းနား အောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ပူဇော်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော် ပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနက "ပြည်ထောင်စု အလင်းအိမ်"၊ ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက "မြန်မာမောင်"နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက "ပို့ကုန်မြှင့်တင် ကမ္ဘာတစ်ခွင်" အမည်ရှိ ညမီးကြီးမီးပုံးပျံကြီးများကို ရောင်စုံမီးပန်းအလှများ ဖြာထွက်တောက်ပစွာဖြင့် အောင်မြင်စွာ လွှတ်တင်ပူဇော်နိုင်ခဲ့ကြရာ ပွဲတော်လာပရိသတ်များက တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။

ထိုသို့ မီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ဝန်ထမ်းများနှင့် ပွဲတော်လာပြည်သူများကလည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများဖြင့် ပါဝင်ဆင်နွဲအားပေးခဲ့ကြသည့်အပြင် ဆီမီးခွက်များ ကိုင်ဆောင်ပူဇော်ခြင်းနှင့် တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကြောင့် တန်ဆောင်မုန်းလပြည့်ည၏အလှတရားကို ပိုမိုပြည့်စုံစေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္တုကံမြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများကို LED မီးရောင်စုံများဖြင့် ခမ်းနားထည်ဝါစွာ အလှဆင်ပူဇော်ထားရာ လက်ရာမြောက်လှသည့် တည်ဆောက်ပုံများနှင့် အံ့မခန်း မြန်မာ့ဗိသုကာလက်ရာများမှာ ပိုမိုတင့်တယ်သပ္ပာယ်လျက် ဖူးမြော်မဝနိုင်အောင် ကြည်ညိုဖွယ်ကောင်းပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်၏ ရင်သပ်ရှုမောဖွယ် အလှတရားနှင့် အတူ ဗုဒ္ဓသာသနိကအဆောက်အအုံများ၏ ထူးခြားဆန်းကြယ်သည့် အနုပညာလက်ရာများကို တစ်နေရာတည်း၌ ဖူးမြော်လေ့လာခွင့် ရရှိခဲ့ကြသည်။

ယနေ့ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဗုဒ္ဓဥယျာဉ်ရေပန်းရင်ပြင်တော်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူတို့က မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် စွမ်းဆောင်ရည်ဆုများရရှိခဲ့ကြသည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စာမျက်နှာ ၉ သို့ ✤





✤ စာမျက်နှာ ၈ မှ

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း လိုအပ်သည်များကို စနစ်တကျ ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် ဘုရားဖူးလာရောက်ကြသည့်ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသောက်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်မြောက်ဘက် ဝတ္ထုကံမြေပေါ်ရှိသတ်မှတ်နေရာများ၌ တန်ဆောင်တိုင် ဈေးရောင်းပွဲတော် ထည့်သွင်းကျင်းပခဲ့ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များနှင့် ဒေသထွက်ကုန်ပစ္စည်းဆိုင်များ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၅၂၀ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ပိုမိုထင်ရှားပေါ်လွင်စေ

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်းပြခန်းများ၊ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်တွင်းလက်မှုအနုပညာ အရောင်းပြခန်းများ၊ ရိုးရာ အဝတ်အထည်များနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်တို့၌ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ရာ ဘုရားဖူးလာပြည်သူများက နှစ်ခြိုက်စွာ ရွေးချယ် ဝယ်ယူအားပေးနေကြသည့် ကြည်နူးဖွယ်မြင်ကွင်းများက ပွဲတော်ကြီး၏ စည်ကားသိုက်မြိုက်မှုနှင့် ပျော်ရွှင်ဖွယ်အငွေ့အသက်ကို ပိုမိုထင်ရှားပေါ်လွင်စေခဲ့သည်။

ဈေးရောင်းပွဲတော်နှင့် အတူ ပွဲတော်လာ ပြည်သူများအား မြန်မာ့ရိုးရာ ဇာတ်သဘင်၏ အနုပညာရသများကို အပြည့်အဝခံစားကြည့်ရှုနိုင်စေရန် အတွက် တန်ဆောင်တိုင် ပွဲတော်ကာလအတွင်း ညစဉ်မပြတ်မြိုင်ဆိုင်စွာ သီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဇာတ်သဘင်ဖျော်ဖြေပွဲ (အခမဲ့)၏ နောက်ဆုံးနေ့အဖြစ် အောင်ဇမ္ဗူဇာတ်သဘင်အဖွဲ့က ခေတ်မီစင်မြင့် အပြင်အဆင်များ၊ မီးအလင်းရောင်နှင့် အသံစနစ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများနှင့် ခေတ်မီနည်းပညာရပ်များကို ဟန်ချက်ညီညီတွဲဖက်အသုံးပြု၍ သဘင်ပညာရှင်များ၏ ဇာတ်ဝင်သီချင်း၊ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ လူနှင့်ရုပ်သေးအက၊ ဟာသ လူရွှင်တော်များနှင့် အောင်ဇမ္ဗူဇာတ်တော်သားများ အဖွဲ့၏ "မင်းသားရူး" ဟာသကပွဲ၊ အဆို၊ အငို၊ အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် "လှည်းယဉ်ကြော့ကြော့" အော်ပရာနှင့် "မချစ်တတ်သူများ မကြည့်ရ" ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသား အောင်ဇမ္ဗူ၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို တင်ဆက်မည့် "အောင်လံယူ အောင်ဇမ္ဗူ" နှစ်ပါးသွားအစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးရွှင်ပြုံးစေမည့် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဇာတ်သဘင်အနုပညာ ရသစုံလင်စွာဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

အထူးစည်ကား

ထိုသို့ အောင်ဇမ္ဗူဇာတ်သဘင်အဖွဲ့၏ ပရိသတ်အကြိုက် အစီအစဉ်ကောင်းများဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့ဇာတ်သဘင် အနုသုခုမပညာကို မြတ်နိုးတန်ဖိုးထားကြသည့် ပွဲတော်လာပြည်သူများက ပျော်ရွှင်ကြည်နူးစွာဖြင့် ကွင်းပြည့်ကွင်းလျှံ လာရောက်ကြည့်ရှုအားပေးကြပြီး ဇာတ်သဘင်၏ သုခုမ အနုပညာရသများကို အပြည့်အဝခံစားခဲ့ကြသည်။

ထို့အတူ ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတသံစဉ်များကို စိတ်လက်ပေ့ါပါး ပျော်ရွှင်စွာ နားဆင်ခံစားနိုင်စေရန် ရည်ရွယ်ကျင်းပသည့် ခေတ်ပေါ်တေးဂီတ ဖျော်ဖြေပွဲတွင်လည်း နိုင်ငံကျော် တေးသံရှင်များ ဖြစ်ကြသည့် မေသက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ ဒီဖြိုး၊ သာဒီးလူ၊ ပုံရိပ်၊ Snare၊ ဇော်ပိုင်၊ Jenny၊ လိမ္မော်သီး၊ ယွန်းမြတ်သူ၊ ဖိုးကာ၊ ထက်ယံ၊ အောင်ထက်၊ Htet Inzali နှင့် အာဒံဦးတို့က Daily Gita Band နှင့် DJ များ၏ တီးခတ်မှုများနှင့်အတူ ပရိသတ်အကြိုက် လူကြိုက်များသည့် တေးသီချင်းများကို အလှည့်ကျသီဆိုဖျော်ဖြေခဲ့ကြရာ လာရောက်အားပေးကြသည့် ပရိသတ်များက တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် Band နှင့် DJ များ၏ မြူးကြွသောစည်းချက်ညီညီ တီးခတ်မှုတို့အပေါ် တက်ကြွစွာအတူတကွ သီဆိုပါဝင် ခံစားခဲ့ကြသဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကလေးငယ်များက မိဘအုပ်ထိန်းသူများနှင့်အတူ လာရောက်ကာ မိမိတို့နှစ်သက်ရာ ကစားနည်းများကို ဆော့ကစားနေသည့် ချစ်စဖွယ်မြင်ကွင်းများ ကလည်း ပွဲတော်၏မိသားစုအပန်းဖြေမှုအနှစ်သာရကို ပိုမိုပြည့်စုံစေခဲ့ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

ပွဲတော်သို့ လာရောက်ဆင်နွဲကြသည့်ပြည်သူများ သွားလာရေး အဆင်ပြေ ချောမွေ့စေရန်နှင့် ခရီးသွားလာရေး အခက်အခဲမရှိစေရန်အတွက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် တော်ဝင်ယာဉ်လိုင်းနှင့် လျှပ်စစ်မော်တော်ယာဉ် (EV) များကို နေပြည်တော်အတွင်း သတ်မှတ် လမ်းကြောင်းများအလိုက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အခမဲ့စနစ်တကျ အသွားအပြန် ပြေးဆွဲပေးခဲ့ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင်အောင်မြင်စွာကျင်းပခဲ့ခြင်း ဖြစ်သည်။

သတင်း- ဟိန်းမင်းစိုး၊ ကျော်စွာဝင်း

ဓာတ်ပုံ-အေးပြည့်အောင်

✦ Coffee Expo မှ

ထို့ပြင် မြန်မာနိုင်ငံအား ယခုကဲ့သို့ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်နိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် လာမည့် ၂၀၂၇ ခုနှစ် ဧပြီလတွင် ကျင်းပမည့်ပြပွဲ၌ မြန်မာနိုင်ငံကို ကြိုဆိုလက်ခံရမည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မှတ်တမ်းများအရ Coffee Expo Seoul ပြပွဲများတွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ပထမဆုံးရွေးချယ်ခံရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စိတ်ပါဝင်စားမှုနှင့် ဆိုးလ်အခြေစိုက်မြန်မာသံရုံး၏ အပြည့်အဝပူးပေါင်းပါဝင်မှုတို့ကို ပြသနိုင်ခဲ့ကြောင်း။

Coffee Expo Seoul သည် ကော်ဖီလုပ်ငန်းနှင့် သက်ဆိုင်သည့်ထုတ်လုပ်သူများ၊ တင်သွင်းသူများ၊ ဖြန့်ဖြူးရောင်းချသူများနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တွေ့ဆုံချိတ်ဆက်နိုင်သည့် နိုင်ငံတကာကုန်သွယ်မှုပြပွဲတစ်ခုဖြစ်ပြီး ယင်းပြပွဲနှင့်အတူ Korea International Bakery Fair (KIBA) 2027 ကိုလည်း ၂၀၂၇ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ဆိုးလ်မြို့ရှိ COEX ပြပွဲခန်းမ၌ တစ်ပြိုင်နက်တည်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ တရားဝင်ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်ခံရခြင်းသည် မြန်မာ့ကော်ဖီ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုအလားအလာများကို ကိုရီးယားဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုမိတ်ဆက်ဖော်ထုတ်နိုင်မည့်အခွင့်အလမ်းရရှိခြင်းဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။



သတင်းစဉ်

✪ ကျိုင်းတုံမြို့နယ်မှ

ရှမ်းပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ပြည်တွင်း/ပြည်ပခရီးသွား ၉၃၇၁၄၄ ဦး၊ ၂၀၂၆ ခုနှစ်တွင် ဇန်နဝါရီမှ အောက်တိုဘာအထိ ပြည်တွင်း/ပြည်ပခရီးသွား ၁၀၅၇၄၁၇ ဦး လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားဝင်ရောက်မှု ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

၂၀၂၆ ခုနှစ်တွင် ဇန်နဝါရီမှအောက်တိုဘာလအထိ ခရီးစဉ်ဒေသများသို့ နယ်စပ်ဒေသများမှ Package Tour အနေဖြင့် နိုင်ငံခြားခရီးသွား ၉၇၀ လာရောက်လည်ပတ်ခဲ့ပြီး တောင်ကြီး၊ ညောင်ရွှေ၊ ကလော ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွား ၆၉၈၅၁ ဦးနှင့် ပြည်ပခရီးသွား ၁၆၅၆၃ ဦး စုစုပေါင်း ၇၁၆၄၁၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းဇော်က ပြောသည်။

ရှမ်းပြည်နယ်တွင် ထင်ရှားသောခရီးစဉ်ဒေသခြောက်ခုအပြင် လူထုအခြေပြုခရီးသွားလုပ်ငန်းများ (Community Based Tourism – CBT) ဖော်ဆောင်ထားသည့် ကျောက်တလုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ထီနဲ့(ပအိုဝ်း)ကျေးရွာ၊ အင်းနီ(ပအိုဝ်း)ကျေးရွာ၊ လွယ်ခေါ်(ပအိုဝ်း)ကျေးရွာ၊ ဆီးကျအင်း(ခန့)ကျေးရွာ၊ ပင်စိမ်းပင်(ခန့)ကျေးရွာ၊ လွယ်ပန်းစုံကျေးရွာ၊ လွယ်နွဲ့ကျေးရွာ၊ စံကား(အင်း/ရှမ်း)ကျေးရွာ၊ ကျောက်တော(ခန့)ကျေးရွာ၊ ဟိုကျင်း(အာခါ) ကျေးရွာ၊ ဟွေယုန်း(အာခါ)ကျေးရွာ၊ ထီဝါးမူး(လီဆူ)ကျေးရွာ၊ ရေယောင်းမ(ခန့)ကျေးရွာ၊ ကျောက်တလုံး(ပလောင်)ကျေးရွာ၊ ပန်းဆိုင်း(ဝ)ကျေးရွာ၊ ပန်ကူ(လားဟူ)ကျေးရွာ၊ ဟိုယန်း(လွယ်)ကျေးရွာနှင့် ကျေက္ကချား(ပအိုဝ်း)ကျေးရွာတို့တွင် ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည်။

သစ္စာ(MNA)၊

ဓာတ်ပုံ – ပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

■

(၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဂုဏ်ပြုဆောင်းပါး

တိုင်းပြည်သာယာဝပြောဖို့ တစ်မျိုးသားလုံး စွမ်းဆောင်စို့ ...

ကိုယဉ်ချစ်(မန္တလေး)

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍမှ သမိုင်းဝင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် ၂၀၂၆ ခုနှစ်တွင် (၁၀၆) နှစ် ပြည့်မြောက်ခဲ့ပေပြီ။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့ဗြိတိသျှတို့လက်အောက်ကျရောက်စဉ်က ကိုလိုနီကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံးက ဆန့်ကျင်တော်လှန်ခဲ့သည့်အထိမ်းအမှတ် သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

> **“တိုင်းရင်းသားပြည်သူအပေါင်းက အတိတ်ကာလမှဖြစ်ပျက်ခဲ့ပြီးသော သမိုင်းကြောင်းများကို သင်ခန်းစာရယူ၍ ပစ္စုပ္ပန်ကာလအတွက် ကောင်းကျိုးများကို စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရပါမည်။ သို့မှသာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို သားစဉ်မြေးဆက်အတွက် အမွေခံကောင်းများအဖြစ် ချန်ထားနိုင်ခဲ့ရမည်”**

နိုင်ငံတော်၏ သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကို အနှစ်သာရပြည့်ဝသော ဆောင်ပုဒ်များ၊ ဦးတည်ချက်များချမှတ်၍ နှစ်စဉ် ကျင်းပလျက်ရှိပါသည်။ ၂၀၂၆ ခုနှစ် (၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ “ တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့” ဖြစ်ပြီး ဦးတည်ချက်များအဖြစ် –

- တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။
- နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။
- လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်ရေးဟူ၍ ချမှတ်ကျင်းပသွားမည်ဖြစ်ပါသည်။

အမျိုးသားအောင်ပွဲနေ့ သမိုင်းကြောင်း

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်း ကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ အတူတကွပူးပေါင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါသည်။ နယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ် သုံးကြိမ်ဆင်နွဲကာ မတရားသိမ်းပိုက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာများ ဆုံးရှုံး၍ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

၁၈၂၄ ခုနှစ် ပထမအကြိမ်ကျူးကျော်စစ်ပွဲကာလမှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့်ကာလအထိ နှစ်ပေါင်း ၁၂၄ နှစ်သည် နယ်ချဲ့ဗြိတိသျှတို့လက်အောက်တွင် နှစ်ပေါင်း ၁၂၀ ကျော်နှင့် ဖက်ဆစ်တို့၏ လက်အောက်တွင် သုံးနှစ်ကျွန်အဖြစ် နွံနစ်ခဲ့ရသည်။ တစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးသွားခဲ့ရသည့် သီပေါမင်းပါတော်မူသည့် ၁၈၈၆ ခုနှစ်မှ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်အထိ တိုင်းရင်းသားမျိုးချစ်မြန်မာများက ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်များဖြင့် တိုင်းတစ်ပါးနယ်ချဲ့တို့ကို အသက်သွေးချွေးများစွာ စတေး၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူပေးခဲ့ကြပါသည်။

လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြရာ အောင်မြင်မှုမရခဲ့သော်လည်း စိတ်ဓာတ်မကျဘဲ လက်ရုံးရည်နှင့်မအောင်မြင်လျှင် နှလုံးရည်ဖြင့် တိုက်ပွဲဝင်မည်ဆိုသည့်စိတ်ဓာတ်ဖြင့် အခြေအနေပေးသည့်အချိန်၌ အသင်းအဖွဲ့များဖွဲ့စည်း၍ ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်မှ စတင်၍ မော်လမြိုင်မြို့တွင် သာသနာ့ဓရအသင်း၊ မြင်းခြံမြို့တွင် ဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးမြို့တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းစသည့် ဘာသာရေးအသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။

၁၉၀၆ ခုနှစ်တွင် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်မည်ဟု ရည်မှန်းချက်ဖြင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (ဝိုင်အမ်ဘီအေ)ကို ဖွဲ့စည်းခဲ့သည်။ ထိုအသင်းကြီးသည် ဗုဒ္ဓဘာသာအသင်းဆိုသော်လည်း နယ်ချဲ့တို့လက်အောက်မှ လွတ်မြောက်ရန် နိုင်ငံရေးလှုပ်ရှားမှုများ၊ စည်းရုံးမှုများ၊ လူထုတိုက်ပွဲများ ဆင်နွဲခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ကျင်းပခဲ့သည့် ဝိုင်အမ်ဘီအေ၏အဌမအကြိမ် ကွန်ဖရင့်မှဝိုင်အမ်ဘီအေအသင်းကို မြန်မာအသင်းချုပ်ကြီး(ဂျီစီဘီအေ)အဖြစ် အမည်ပြောင်းလဲဖွဲ့စည်း၍ စည်းရုံးလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ဂျီစီဘီအေအသင်းကြီး၏ စည်းရုံးလှုံ့ဆော်မှုများကြောင့် မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းလာခဲ့ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုများ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။

တစ်နည်းအားဖြင့် နယ်ချဲ့တို့အား လက်နက်ကိုင်တိုက်ပွဲနည်းလမ်းမှ နိုင်ငံရေးတိုက်ပွဲနည်းလမ်းအသွင်ဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ပညာရေးကဏ္ဍကို နှိမ့်ချထားခဲ့

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ရေရှည်ကျွန်ပြုထားနိုင်ရေးအတွက် ပြည်သူများ၏ ပညာရေးကဏ္ဍနိမ့်ကျအောင် စီမံဆောင်ရွက်ခဲ့သည်။ နယ်ချဲ့တို့သိမ်းပိုက်ပြီးချိန်ကာလက မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းရှိခဲ့သော်လည်း သူ့ကျွန်ဘဝ ၃၅ နှစ်ခန့်အကြာတွင် စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရသည်။

အဆင့်မြင့်ပညာအဆင့်တွင် နယ်ချဲ့တို့၏အခိုင်းအစေကို ကျိုးနွံစွာ ဆောင်ရွက်မည့် မြန်မာလူငယ်များကို ကျွန်ပညာသင်ကြားပေးရန်သာ အဓိကထားခဲ့သည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံကာလကတ္တားတက္ကသိုလ်လက်အောက်ခံကျောင်းခွဲများအဖြစ် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့သာ ဖွင့်ထားပေးခဲ့သည်။ သင်ရိုးညွှန်းတမ်းများမှာလည်း ကာလကတ္တားတက္ကသိုလ်မှ ချမှတ်ပေးသည့်အတိုင်း သင်ကြားကြရသဖြင့် အံဝင်ခွင်ကျမဖြစ်ခဲ့ပေ။

ဝိုင်အမ်ဘီအေအသင်းကြီးက မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်ရှိရမည်ဟု အကြိမ်ကြိမ် လှုံ့ဆော်တိုက်တွန်းဖန်များသောအခါ ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေကြမ်းတွင် မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုသာရှိရမည်၊ ထိုတက္ကသိုလ်၏အောက်တွင် ကောလိပ်ကျောင်းတစ်ကျောင်းသာရှိရမည်၊ထိုကောလိပ်ကျောင်းသည် ရန်ကုန်မြို့၌သာ ရှိရမည်၊ သင်ကြားလိုသူများသည် ကျောင်းအိပ်ကျောင်းစားများသာ ဖြစ်ရမည်၊ သင်ကြားခွင့်ရသူများသည် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေကြရမည်ဆိုသည့်အချက်များ ပါဝင်ခဲ့သည်။

ထိုအချက်များသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ထားပြီး အဆင့်များခွဲခြားထားသည်ကို သိမြင်နိုင်သည်။ တက္ကသိုလ်အက်ဥပဒေအရ ငွေကြေးအကုန်အကျတတ်နိုင်သည့် လူတန်းစားများနှင့် ဗျူရိုကရက်အရာရှိကြီးများ၏ အဆက်အနွယ်များအတွက်သာဖြစ်ပြီး ငွေကြေးမတတ်နိုင်သူ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လက်လုပ်လက်စား သာမန်လူတန်းစားများ၏ သားသမီးများကို အဆင့်မြင့်ပညာ သင်ယူခွင့်မရအောင် ချုပ်ချယ်ကန့်သတ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေကြမ်းကို ကောလိပ်ကျောင်းသားများ၊ ပြည်သူများက ကန့်ကွက်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ ဒုတိယဘုရင်ခံချုပ် ဆာရယ်ဂျီကရက်ဒေါက်က မြန်မာတို့သည် ပညာရေးအကြောင်းနားမလည်ဟုဆိုကာ ကန့်ကွက်မှုများကို လျစ်လျူရှုရှု၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်းကြေညာခဲ့သည်။

ထိုသို့အတည်ပြုခဲ့သည့်အကြောင်းကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်သတင်းစာ ခေါင်းကြီးပိုင်းတွင် “မြန်မာပြည်သူပြည်သားတို့ တညီတညွတ်တည်း နေရာတကျစဉ်းစားဆင်ခြင်ပြီးသကာလ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ပါသော်လည်း ပြည်သူပြည်သားတို့တောင်းဆိုကြသည့် အချက်တစ်ချက်ကိုမျှ ခွင့်မပြုဘဲ အဆိုပါ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အစိုးရမင်းတို့က အတည်ပြုလိုက်ကြသည်” ဟု ရေးသားဖော်ပြခဲ့ပါသည်။

အတည်ပြုလိုက်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ကြရန် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးတို့က ရွှေတိဂုံစေတီတော်ရင်ပြင်စနေထောင့်တွင် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက် ဆရာတော်ဦးအရိယကျောင်း၌ ကျောင်းသားအစည်းအဝေးကြီး ကျင်းပကာ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်သွားရန်၊ ပညာရေးဥပဒေကို ပြင်ဆင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင် ကိုဘဦးကလည်း ရန်ကုန်တက္ကသိုလ်အက်ဥပဒေပါ အချက်များကို ကန့်ကွက်သည့်စာတစ်စောင်ကို ဘုရင်ခံထံ ပေးပို့ခဲ့သော်လည်း ဘုရင်ခံက အကြောင်းပြန်ကြားခြင်းမပြုခဲ့ခြင်းကြောင့် ကျောင်းသားများက အမျိုးသားကျောင်းများထူထောင်ကြရန် သပိတ်စခန်း၌ ဂျီစီဘီအေခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ခဲ့ကြသော်လည်း အခြေအနေပြောင်းလဲသွားခြင်းကြောင့် ဒီဇင်ဘာလ ၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက် သပိတ်မှောက်ခဲ့ကြသည်။ ထိုဥပဒေသည် တက္ကသိုလ်တက်ရောက်ကြမည့် အထက်တန်းကျောင်းသားများကိုပါ ထိခိုက်နစ်နာစေနိုင်သဖြင့် ကောလိပ်ကျောင်းသားများသာမက အထက်တန်းကျောင်းသားများနှင့် နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများပါ ပါဝင်ခဲ့ကြသည်။ သပိတ်မှောက်ဆန့်ကျင်မှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်စပ်သည့် အရေးတော်ပုံကြီး ဖြစ်လာခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုကိန်းအောင်းလာခဲ့ကြသည်။

ကျောင်းသားသပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုကို ပိုမိုထိရောက်လာစေခဲ့သည်။ ၁၉၂၁ ခုနှစ် သြဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့ကြပြီး အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်း၌ အမျိုးသားကျောင်းများ ဖွင့်လှစ်လာခဲ့ကြပြီး သပိတ်မှောက်ကျောင်းသားကြီးများက ကျောင်းသားငယ်များကို ပညာသင်ကြားပေးခဲ့ကြသည်။ ဂျီစီဘီအေ၏တိုက်တွန်းနှိုးဆော်ချက်ဖြင့် မူလကဖွင့်လှစ်ထားသည့် ဗုဒ္ဓဘာသာကျောင်းများနှင့် အစိုးရအထောက်အပံ့ခံ တိုင်းရင်းသားဘာသာသင်ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် စုစည်းဖွင့်လှစ်နိုင်ခဲ့ကြသည်။

အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်လာပုံ

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီးတွင် အမျိုးသားအောင်ပွဲနေ့ သတ်မှတ်ရန် ဆွေးနွေးခဲ့ကြသည်။ တချို့က သီပေါမင်းပါတော်မူသည့် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ကိုလည်းကောင်း၊ တချို့က ဆရာတော်ဦးဥတ္တမ အဖမ်းခံရသည့်နေ့ကိုလည်းကောင်း သတ်မှတ်ရန် အကြံပြုဆွေးနွေးခဲ့ကြသည်။ ကျောင်းသားသပိတ်ကြီးတွင် ဦးဆောင်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်များကလည်း ပါတော်မူသည့်နေ့နှင့် အဖမ်းခံရသည့်နေ့များသည် မင်္ဂလာမရှိခြင်းကြောင့် နယ်ချဲ့တို့အား ပထမဆုံးဆန့်ကျင်တော်လှန် သပိတ်မှောက်ခဲ့ကြသည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုဆွေးနွေးခဲ့သည်။

ထို့ကြောင့် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသည့် ဂျီစီဘီအေအထူးကွန်ဖရင့်မှ နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ နှစ်စဉ် အမျိုးသားအောင်ပွဲနေ့များကို ကျင်းပခဲ့ကြရာ ယခုနှစ်တွင် နှစ်ပေါင်း ၁၀၆ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအပေါင်းက အတိတ်ကာလမှဖြစ်ပျက်ခဲ့ပြီးသော သမိုင်းကြောင်းများကို သင်ခန်းစာရယူ၍ ပစ္စုပ္ပန်ကာလအတွက်ကောင်းကျိုးများကို စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရပါမည်။ **စာမျက်နှာ ၁၁ သို့**

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် လပြည့်နေ့ည အပြီးသတ်ယှဉ်ပြိုင်

တောင်ကြီး နိုဝင်ဘာ ၂၄

နိုဝင်ဘာ ၁၆ ရက်က ဖွင့်ပွဲအခမ်းအနားနှင့် အတူ ကျင်းပခဲ့သည့် တောင်ကြီးတန်ဆောင်တိုင် ရိုးရာမီးပုံးပျံပွဲတော်သည် ယနေ့ တန်ဆောင်မုန်း လပြည့်နေ့ညတွင် အပြီးသတ် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။



တန်ဆောင်တိုင်မီးပုံးပျံပွဲတော်၏ နောက်ဆုံး ညဖြစ်သည့်အပြင် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ ရွှေပွဲလာပရိသတ်များ ပွဲတော်ကျင်းပရာ အဝေရာ မီးပုံးပျံကွင်းအတွင်း လူပင်လယ်ကြီးပမာ စံချိန်တင် အထူးစည်ကားများပြားခဲ့သည်။ ပြိုင်ပွဲဝင်အသင်း များနှင့် အားပေးသူ ဒေသခံပရိသတ်များကလည်း ပြိုင်ပွဲပြီးဆုံးချိန် နီးကပ်လာသည်နှင့်အမျှ မည်သည့် အသင်းက ဆုတံဆိပ်ရရှိသွားနိုင်မည့်အခြေအနေ အပေါ် အထူးရင်ခုန် မျှော်လင့်စောင့်စားလျက်ရှိကြ သည်။

ယနေ့ပြိုင်ပွဲအပြီးသတ်နေ့ နေ့လွှတ်မီးပုံးပျံ အရုပ်ပြိုင်ပွဲတွင် ဟင်္သာ၊ ငှက်ဘီလူး၊ အောက်ချင်း၊ ဆက်ရက်၊ ငှက်နီ၊ ကြက်ဖ၊ ကွန်ဂိုငှက်၊ ငှက်မင်းသား၊ ကြက်တူရွေး၊ ဟွန်းငါး၊ ဒေါင်းမင်းသား၊ ကတ္တဝါ၊ ခို၊ ရစ်ငှက်၊ ခေါင်းသုံးလုံးငန်း၊ ဝတ်ရည်စုပ်ငန်း၊ ဆာဖာ ကြက်တူရွေး၊ ဒေါင်း၊ တိုက်ကြက်ဖ၊ အိန္ဒိယမြင်း၊ နွားလားဥဿဖ၊ ပန်ဒါ၊ ကြံ့၊ ခြင်္သေ့၊ ဖား၊ တောင်ဆိတ်၊ မိကျောင်း၊ ကာတွန်းနဂါး၊ ရှဉ်ငပေါ၊ ဆင်၊ ပုရွက်ဆိတ် စားဝက်သုံးကောင်၊ ဝက်ဝံသုံးကောင်၊ မြင်းကျား သုံးကောင်၊ ဘုတ်ကလုံသုံးကောင်အပါအဝင် စုစုပေါင်း သဘာဝရုပ်လုံး ၄၄ ကောင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ညလွှတ်စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် KBZ Group၊ နှင်းစက်၊ ရွှေကူး၊ ဇွဲလူငယ်၊ သုံးရာသီကဖေး နှင့် ညလွှတ်ညမီးကြီးပြိုင်ပွဲတွင် ရွှေဇုန်၊ လွှိုင်ခမ်း၊ A to Z၊ EFF Gas၊ KBZ Group၊ ထက်လူ၊ မြို့စား၊ ဩခနှင့် နောင်မွန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

“ဒီနေ့မီးပုံးပျံပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်တဲ့ အတွက် အားပေးကြည့်ရှုသူ အထူးများပြားနေ ပါတယ်။ မနက်ဖြန်မနက်မှာ ပြိုင်ပွဲအမှတ်တွေ ပေါင်းပြီး ညနေပိုင်းမှာ ဆုချီးမြှင့်သွားမှာပါ။ နေ့လွှတ်၊ ညလွှတ်ယှဉ်ပြိုင်မှု တိုးတက်လာတဲ့အတွက် ဘယ်အသင်းဆုရမယ်ဆိုတာ ဒိုင်ခြောက်ခုရဲ့ အမှတ် ရရှိမှုအပေါ်မှာ မူတည်ပါတယ်။ ဒီနေ့မနက်မှာ နေ့လွှတ်အရုပ် ၄၄ လုံးနဲ့ ညပိုင်းမှာ စိန်နားပန်ငါးလုံး၊ ညမီးကြီးကိုးလုံးပြိုင်သွားမှာပါ”ဟု မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း(ပန်းချီ)က ပြောသည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် စည်ကားသိုက်မြိုက် စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

“ရွှေဇုန်ညမီးကြီးအနေနဲ့ မီးပုံးပျံစတင်ပြိုင်တဲ့ ၂၀၂၄ ခုနှစ်မှာ ပထမဆုရခဲ့ပြီး ၂၀၂၅ ခုနှစ်မှာ တတိယ ဆုရခဲ့ပါတယ်။ ဒီနှစ်မှာ ပထမဆုရမယ်လို့ မှန်းထား ပြီး ရင်ခုန်နေပါတယ်။ အားလုံးကြိုးစားထားပြီး အားထည့်ထားပါတယ်။ ပြိုင်ပွဲမှာ စည်းကမ်း သတ်မှတ်ချက်ဝင်တဲ့ မီးပုံးပျံငါးလုံး တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့လည်းကြိုးစားထားတာကြောင့် ယနေ့ ည ပထမဆုံးလွှတ်မယ့်ပွဲမှာ ကြည့်ရအောင်ပါ” ဟု အေးသာယာစက်မှုဇုန် ရွှေဇုန်မီးပုံးပျံကြီးကြပ်သူ ဦးမင်းသော်က ပြောသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြစိမ်းတောင်ပေါ် ရှိ ရွှေဘုန်းပွင့်စေတီတော်၊ သစ်တောရပ်ကွက်ရှိ စူဌာမုဏိစေတီတော်မြတ်တို့တွင် စုပေါင်းမဟာဘုံ ကထိန်ဆက်ကပ်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော် ပွဲကျင်းပခြင်း၊ ဘုရား၊ စေတီနှင့် ဘုန်းတော်ကြီး ကျောင်းတို့တွင် ကုသိုလ်ပြုသူတို့ဖြင့် စည်ကား များပြားခဲ့ပြီး မီးပုံးပျံပြိုင်ပွဲကျင်းပနေသည့် အဝေရာ ကုန်းသာယာကွင်းတွင်လည်း MSMEs ဆိုင်ခန်းများ၊ ရောင်းကုန်မျိုးစုံဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ချားရဟတ်များနှင့် စင်တင်တေးဂီတတို့တွင် ရောင်စုံ မီးတို့ဖြင့် လပြည့်ဝန်းနှင့်အတူ လှပလျက်ရှိသည်။

ကိုထွေး - သစ္စာ
ဓာတ်ပုံ - ဇွဲမာန်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်

ကျိုက်ထို နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ တော်မြတ်ကြီးတွင် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ ကျင်းပသည်။



ဦးစွာ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မသိုးသင်္ကန်းရက်ခတ် သည့်အဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက နမောတဿ သုံးကြိမ် ရွတ်ဆိုပူဇော်၍ အခမ်း အနားကို ဖွင့်လှစ်ကာ မသိုးသင်္ကန်း ရက်လုပ်မည့် စင်တော်အား ကျိုက်ထီးရိုးဂေါပကအဖွဲ့ ဥက္ကဋ္ဌ က အမွေးနံ့သာရည်များပက်ဖျန်း ပြီး ရက်ကန်းခတ်သမီးပျိုများက မသိုးသင်္ကန်းများကို ရက်လုပ်ခဲ့ကြ သည်။

ထို့နောက် ရက်ကန်းခတ်ပြိုင်ပွဲ တွင် ဆုရရှိသူများအား တာဝန်ရှိသူ များနှင့် အလှူရှင်များက ဆုငွေများ ပေးအပ်ကာ ရက်ကန်းခတ်လုပ် ပြီးသည့် မသိုးသင်္ကန်းများကို ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ တော်ရင်ပြင်၌ ပူဇော်ထားရှိသော ဗုဒ္ဓမြတ်စွာဘုရားများအား ကပ်လှူ ပူဇော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားနှင့် ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

မန္တလေး နိုဝင်ဘာ ၂၄

တန်ဆောင်မုန်း လပြည့်နေ့ အခါသမယတွင် မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် အတွင်းရှိ ဦးပိန်တံတားနှင့် အထင်ကရဘုရားစေတီပုထိုးများ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ဘုရားဖူး လာရောက်လည်ပတ် သူများဖြင့် စည်ကားလျက်ရှိ သည်။



ထို့ပြင် အမရပူရမြို့နယ် အတွင်းရှိ အထင်ကရဘုရားများ ဖြစ်သည့် ဝေရောစနကျောက်စိမ်း စေတီနှင့် စွယ်တော်မြတ်ဘုရား စေတီတို့တွင် ဘုရားဖူးလာပြည်သူ များက ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်း၊ ဓမ္မစကြာတရားများ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားထိုင် ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူ ခြင်း၊ ရေသပွာယ်ခြင်း၊ တံမြက် စည်းလှည်း ကုသိုလ်ယူခြင်း၊ ငှက်များအား ဘေးမဲ့လွှတ်ပေးခြင်း စသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်လျက်ရှိကြောင်း သိရ သည်။

ဇင်မင်းမောင်

❁ စာမျက်နှာ ၁၀ မှ

သို့မှသာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို သားစဉ်မြေးဆက် အတွက် အမွေခံကောင်းများအဖြစ် ချန်ထားနိုင်ခဲ့ ရမည်ဖြစ်ပါသည်။

ယနေ့ကာလသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အရာရာကို စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များဖြင့် အမှန်အမှားကို ဝေဖန်ပိုင်းခြား၍ မိမိတို့အကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်၏အကျိုး များကို သယ်ပိုးထမ်းဆောင်ကြရမည့် အချိန်ဖြစ်ပါ သည်။

ပြည်သူအားလုံး၏ ဆန္ဒမှာ စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ကြီးထဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြခြင်း ဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ တည်ငြိမ် အေးချမ်းရေးသည် အဓိကဖြစ်ခြင်းကြောင့် တည်ငြိမ် အေးချမ်းရေးကို ပြည်သူတစ်ရပ်လုံးက တစ်စိတ် တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်း တည်ဆောက်သွားကြရပါမည်။

ဤသို့တည်ဆောက်နိုင်ရန် အသိပညာ၊ အတတ် ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည့် ဘက်စုံပညာရေးစနစ်ကို နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိပါသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရည် ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ် နှင့် စံတန်ဖိုးများကိုဖွံ့ဖြိုးစေမည့် အခြေခံဖြစ်ပါ သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သား ကောင်းလူငယ်မျိုးဆက်သစ်များ၊ ဗလငါးတန်နှင့် ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ကို ပျိုးထောင်ပေးနိုင်မှသာ ငြိမ်းချမ်းသာယာဝပြော သည့်အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ပါ မည်။

တိုင်းပြည်သာယာဝပြောရေးသည် တစ်ဦး ကောင်းတစ်ယောက်ကောင်း ဆောင်ရွက်မရနိုင်ဘဲ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှုဖြင့်သာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဖွား တိုင်းရင်း သားအားလုံးက “တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံးစွမ်းဆောင်စို့” ဆိုသည့် အမျိုးသား အောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ လက်တွဲပူးပေါင်း ဆောင်ရွက်သွားနိုင်ကြပါရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ကိုးကား

- ပြည်ထောင်စုစိတ်ဓာတ်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း
- မြန်မာအဘိဓာန်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ ပညာရေးဝန်ကြီး ဌာန
- နေ့စဉ်ထုတ် သတင်းစာများ

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

ယနေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

လှည့်လည်ပူဇော်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံး ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး (၃၈)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းမှ စတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ပြီး လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။



ဆက်လက်၍ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်၊ အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ရုပ်ပွားတော်မြတ်တို့အား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး အခမ်းအနား အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် ဆူးလေစေတီတော်တို့တွင် ကျင်းပသည့် မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို တက်ရောက်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်သည်။

အလားတူ သင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီး၏ (၂၆)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ထို့ပြင် မဟာဝိဇယစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းမွေကုန်းတော်ရှိ လောက ချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ သမိုင်းဝင် မဟာမမွေရံသီ အိမ်တော်ရာစေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ပိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်တို့တွင်လည်း ယနေ့နံနက်ပိုင်းမှ စတင်ကာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့အခမ်းအနားကို ကျင်းပကြသည်။

တန်ဆောင်မုန်း လပြည့် (သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ပွဲများ၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်း၍ မဟာဘုံကထိန်အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားစေတီများ၌ အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးကြခြင်း၊ ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များတွင် လျှပ်စစ်ရောင်စုံ မီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်း၊ လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို အေးချမ်းပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ
ဇော်မင်းလတ်(MNA)

ဇိနမာရ်အောင်စေတီတော်မြတ်ကြီး ပုညဝတီလမ်းမကြီးဖွင့်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်မြို့ သာကေတမြို့နယ် ကျက်သရေဆောင် ဇိနမာရ်အောင် စေတီတော်မြတ်ကြီး ပုညဝတီလမ်းမကြီးဖွင့်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ညပိုင်းက စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဇိနမာရ်အောင် စေတီတော်မြတ်ကြီးတွင် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိရာ စေတီတော်ကြီးနှင့် အရန်စေတီရှစ်ဆူ ရွှေသင်္ကန်းကပ်လှူခြင်း၊ မုခ်ဦးနှင့် တန်ဆောင်းများ ပြုပြင်မွမ်းမံခြင်းနှင့် အလျားပေ ၉၀၀၊ အကျယ် ၂၄ ပေရှိ ပုညဝတီကွန်ကရစ်လမ်းမကြီး ခင်းကျင်းခြင်းတို့ ပြီးစီးခဲ့ပြီဖြစ်သည်။ လက်ရှိတွင် ရင်ပြင်တော်အား နှစ်ပေခန့်မြှင့်တင်၍ နေပူဒဏ်ခံကျောက်ပြား ခင်းကျင်းခြင်း အပါအဝင် အခြားပြုပြင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဦးလှဝင်းမောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ် အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးလှဝင်း၊ အလှူရှင် ဦးစိုင်းမျိုးဝင်းနှင့်ဇနီး ဒေါ်နန်းခင်မြင့်ရီ ကိုယ်စား ဒေါ်ချိုချိုမြင့်၊ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်လှ၊ အလှူရှင် ဦးအောင်ကျော်သူနှင့် ဇနီး ဒေါ်နန်းအေးမြတ်သူဇာတို့က ပုညဝတီလမ်းမကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မော်ကွန်းကမ္ပည်း ကျောက်စာတိုင်အား အမွေးနံ့သာများ ပက်ဖျန်းကြသည်။



ဆက်လက်၍ မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲဖွင့်ပွဲကို စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တာဝန်ရှိသူများက မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

နီပေါနိုင်ငံ ရေကြီးရေလျှံမှုအတွက် အိန္ဒိယနိုင်ငံက ထောက်ပံ့ငွေပေးအပ်မည်

နယူးဒေလီ နိုဝင်ဘာ ၂၄

နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွက် နီပေါရှိမီး ၂၄၀ ဘီလီယံတန်ဖိုးရှိ ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ဝိုဒီက ကတိပြုပြောကြားခဲ့သည်။

နီပေါနိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အခြေခံအဆောက်အအုံစီမံကိန်းသစ်များအတွက် အကူအညီများ ပေးအပ်သည့် အဆိုပါအစီအစဉ်အား နီပေါနိုင်ငံဝန်ကြီးချုပ် ဘလန်ဒါရက်နှင့် နယူးဒေလီမြို့တွင် တွေ့ဆုံစဉ် ဝန်ကြီးချုပ်ဝိုဒီက ကြေညာခဲ့ခြင်းဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးကြားခဲ့ စွမ်းအင်၊ ဂြိုဟ်တုဆက်သွယ်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူခဲ့ကြသည်။

အိန္ဒိယနှင့် နီပေါနိုင်ငံတို့အကြား ဆက်ဆံရေးသည် ရင်းနှီးမှုနှင့် ယုံကြည်မှုတို့အပေါ် အခြေခံ၍ တည်ဆောက်ထားကြောင်းနှင့် မိမိတို့နှစ်နိုင်ငံသည် ခက်ခဲကြမ်းတမ်းသော ကာလများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အစဉ်တစိုက် အပြန်အလှန်ပံ့ပိုးကူညီခဲ့ကြောင်းလည်း ဝန်ကြီးချုပ် ဝိုဒီက ထပ်လောင်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နီပေါနိုင်ငံ၏ ယုံကြည်စိတ်ချရသော အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်းနှင့် နီပေါနိုင်ငံ အနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် အခြားစိန်ခေါ်မှုများကို ရင်ဆိုင်ရသည့် အချိန်တိုင်း အိန္ဒိယနိုင်ငံက ဦးစွာတုံ့ပြန်ကူညီပေးလေ့ရှိကြောင်း နီပေါနိုင်ငံဝန်ကြီးချုပ် ဘလန်ဒါရက်က ပြောကြားခဲ့သည်။ မိမိတို့နှစ်နိုင်ငံကြား ယခုနောက်ဆုံး ရရှိခဲ့သည့် သဘောတူညီချက်များသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်မားသည့် အဆင့်သစ်တစ်ခုသို့ ရောက်ရှိစေရန် အထောက်အကူ ပြုလိမ့်မည်ဟုလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အင်နဲအိတ်ချ်ကေ





ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းရှိ စားသောက်ဆိုင်၌ ပေါက်ကွဲမှုဖြစ်

ဟန္နိုင်း နိုဝင်ဘာ ၂၄

ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းရှိ နှစ်ထပ် စားသောက်ဆိုင်တစ်ဆိုင်တွင် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုကြောင့် ပြိုကျခဲ့ရာ ဖြစ်စဉ်အတွင်း အနည်းဆုံးနှစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံမီဒီယာ VnExpress သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ၿငိမ် ဗင်တူရက်လမ်းရှိ ဆန်ပြုတ်ဆိုင်တစ်ဆိုင်တွင် နံနက် ၈ နာရီက ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကာ အခင်းဖြစ်သည့်အချိန်သည် ဆိုင်ဖွင့်ချိန်ဖြစ်ပြီး စားသုံးသူများလည်း ရှိနေကြောင်း သိရသည်။

အဆိုပါဆိုင်၏ မီးဖိုချောင်အတွင်းရှိ ဂက်စ်မီးဖိုအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ ၁၅ မီတာခန့်အကွာရှိ အိမ်များနှင့် အခြားအဆောက်အအုံ ၁၀ လုံးခန့်လည်း ပျက်စီးခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်သည့်အချိန်တွင် မိမိတို့အိပ်ပျော်နေသည့်အချိန်ဖြစ်ပြီး အိမ်မှ လသာဆောင်တံခါးသည် ပေါက်ကွဲမှုကြောင့် လွင့်စဉ်ထွက်သွားကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ လက်ရှိအချိန်တွင် ရဲတပ်ဖွဲ့ဝင်များက ပြိုကျသွားသည့် အဆောက်အအုံ၏ ကွန်ကရစ်အလွှာများကို ဖယ်ရှားပြီး အသက်ရှင်သူများအား ရှာဖွေရန် ဟိုက်ဒရောလစ်ကိရိယာများ သုံးစွဲဆောင်ရွက်နေသည်။ **ဆင်ဟွာ၊ Vn Express**

ဂါဇာဒေသတွင် ဦးနှောက်အမြွေးပါးရောင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ သတိပေးချက် ထုတ်ပြန်

ဂါဇာ နိုဝင်ဘာ ၂၄

ဂါဇာကမ်းမြောင်းဒေသရှိ ကျန်းမာရေးအာဏာပိုင်များသည် နိုဝင်ဘာ ၂၄ ရက်တွင် ဒေသတစ်ဝန်းလုံး၌ ဦးနှောက်အမြွေးပါးရောင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဒေသတွင်း ဦးနှောက်အမြွေးပါးရောင်ရောဂါ ဖြစ်ပွားမှုနှုန်း အလွန်အမင်း မြင့်တက်လာနေကြောင်းနှင့် ၎င်းအခြေအနေသည် ကလေးငယ်များအပါအဝင် လူပေါင်း သိန်းနှင့်ချီသော အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက သတိပေးပြောကြားသည်။

ဂါဇာမြို့ရှိ အယ်လရှီဖာဆေးဘက်ဆိုင်ရာစင်တာ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် နီဒါလ်ဂနိမ်ဓက ပြောကြားရာတွင် ပုံမှန်အားဖြင့် တစ်လလျှင် လူနာ ၃၀ မှ ၅၀ ခန့်သာရှိလေ့ရှိသော်လည်း အောက်တိုဘာလအတွင်း ဦးနှောက်အမြွေးပါးရောင်ရောဂါ ဖြစ်ပွားသူ ၂၇၂ ဦး အထိ မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် အစပိုင်းမှစ၍ ဦးနှောက်အမြွေးပါးရောင်ရောဂါကြောင့် သေဆုံးသူ ၁၅ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ငါးဦးမှာ ရောဂါဖြစ်ပွားမှု အရှိန်အဟုန်မြင့်တက်လာချိန်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဗက်တီးရီးယားကြောင့် ဖြစ်ပွားသော ဦးနှောက်အမြွေးပါးရောင် ရောဂါ ဖြစ်ပွားမှုနှုန်းမှာလည်း သိသိသာသာ မြင့်တက်လာခဲ့သည်။ ပုံမှန်အားဖြင့် တစ်လလျှင် လူနာ ၁၀ ဦးမှ ၂၀ ခန့်သာရှိရာ အောက်တိုဘာလတွင် ၁၀၈ ဦးအထိ မြင့်တက်လာခဲ့ပြီး နိုဝင်ဘာလ အစပိုင်းမှစ၍ နောက်ထပ် လူနာ ၁၀၀ ထပ်မံတွေ့ရှိခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ဓာတ်ခွဲစစ်ဆေးမှုများအရ လက်ရှိ ပျံ့နှံ့နေသော ဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် ဦးနှောက်အမြွေးပါးရောင် ရောဂါသည် ပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများနှင့် ဆက်စပ်နေသည့် အမျိုးအစားတစ်ခု ဖြစ်ကြောင်း တွေ့ရှိရသည်။

သို့သော် လိုအပ်သော ရောဂါရှာဖွေစစ်ဆေးမှုများ မလုပ်ဆောင်နိုင်သည့် အတွက် အဆိုပါဗိုင်းရပ်စ်၏ တိကျသော မျိုးရိုးဗီဇအမျိုးအစားခွဲကိုမူ အတည်မပြုနိုင်သေးကြောင်း ၎င်းက ဆိုသည်။ အဆိုပါ ရောဂါဖြစ်ပွားမှုများအတွက် အကြောင်းရင်းများအဖြစ် အခြေခံဆောက်အအုံများ ပျက်စီးခြင်း၊ ခိုလှုံရာနေရာများတွင် လူဦးရေ အလွန်အမင်း ပြွတ်သိပ်နေထိုင်ရခြင်း၊ သောက်သုံးရေများတွင် မိလ္လာရေများ ရောနှောညစ်ညမ်းခြင်းနှင့် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံကာ အခြေအနေများ ပိုမိုဆိုးရွားလာခြင်းတို့ကို ၎င်းက ထောက်ပြပြောဆိုခဲ့သည်။

ယခုကဲ့သို့ ကူးစက်ရောဂါဖြစ်ပွားခြင်းအတွက် အစ္စရေးနိုင်ငံတွင် တာဝန်ရှိကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကိရိယာများ၊ ပိုးသတ်ဆေးဝါးများနှင့် လောင်စာဆီများ ဝင်ရောက်ခွင့်ကို အစ္စရေးက ကန့်သတ်ထားခြင်းကြောင့် ပြည်သူ့ကျန်းမာရေးအခြေအနေ ဆိုးရွားလာမှုကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းမှုများ အဟန့်အတား ဖြစ်စေခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဆင်ဟွာ

ဖီဂျီနိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျောင်းများပိတ်မည်

ဆူဗာ နိုဝင်ဘာ ၂၄

ဖီဂျီနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် မိုးခေါင်ရေရှားမှုအခြေအနေများ ပိုမိုဆိုးရွားလာနေသဖြင့် အစိုးရအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ ကျောင်းများအား ယခုလကုန်မှစတင်၍ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာထားချိန်တွင် ကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် မူလက ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြီးဆုံးရန် သတ်မှတ်ထားသည့် တတိယအကြိမ် ကျောင်းဖွင့်ရာသီကို ယခုကဲ့သို့ စောစီးစွာ ပိတ်လိုက်ခြင်းဖြစ်သည်။ နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ခု၌ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် နာဗင်ရတ်က အဆိုပါဆုံးဖြတ်ချက်အား အတည်ပြုခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်သည် အရေးပေါ်ကော်မတီ၏ အကြံပြုချက်များအပေါ် အခြေခံထားပြီး အစိုးရ၏ “အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွက် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်” နှင့် ကိုက်ညီမှုရှိကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ညွှန်ကြားချက်အရ ကျောင်းများအားလုံးသည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ပိတ်ထားရမည်ဖြစ်သော်လည်း ဆရာ/ဆရာမများနှင့် အခြားကျောင်းဝန်ထမ်းများမှာမူ ပုံမှန်အတိုင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

လက်ရှိဖြစ်ပေါ်နေသော အမျိုးသားအဆင့် အရေးပေါ်အခြေအနေကာလအတွင်း ကျောင်းသားများအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်များကို လျော့ချရန်နှင့် ၎င်းတို့၏ ဘေးကင်းရေးကို ရည်ရွယ်၍ အဆိုပါကြိုတင်ကာကွယ်ရေးအစီအမံကို ချမှတ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်တွင် မီးခိုးမြူများနှင့် ဆက်စပ်သည့် ကျန်းမာရေးပြဿနာ ၁၈၀၀၀ ကျော် ရှိခဲ့



ကွာလာလမ်ပူ နိုဝင်ဘာ ၂၄

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်တွင် ယခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူများ ဖုံးလွှမ်းခဲ့စဉ် ကာလအတွင်း မီးခိုးမြူနှင့် ဆက်စပ်သော ကျန်းမာရေးပြဿနာ စုစုပေါင်း ၁၈၄၅၁ ခုအား မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ပြည်နယ်၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆီလန်ဂေါပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဂျာမလီယာ ဂျာမလူဒင်၏ ပြောကြားချက်အရ အဆိုပါ ကိန်းဂဏန်းများတွင် မီးခိုးမြူနှင့် ဆက်စပ်သော ရောဂါအမျိုးအစား သုံးမျိုးပါဝင်ကြောင်း သိရသည်။

ၿငိမ်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပိုးဝင်ခြင်း ၁၅၅၄၄ ခု၊ ပန်းနာရင်ကျပ်ရောဂါ ၂၃၀၅ ခုနှင့် မျက်စိအမြွေးပါးရောင်ရမ်းခြင်း ၅၉၂ ခုတို့ ဖြစ်ကြသည်။ အဆိုပါကိန်းဂဏန်းများသည် စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်နေသော ကျန်းမာရေးစောင့်ရှောက်မှု ဌာနရာများမှသာ ကောက်ယူရရှိထားသည့် အချက်အလက်များ ဖြစ်သောကြောင့် စုစုပေါင်း ဖြစ်ပွားမှုအရေအတွက်၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ကြောင်း ဂျာမလီယာက ပြည်နယ်အစိုးရထံ တင်ပြရာတွင် ရှင်းပြခဲ့သည်။

မီးလောင်ကျွမ်းမှုများ စတင်ဖြစ်ပွားရာနေရာ၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အတွက် အာဆီယံပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို နိုင်ငံတော်က ထောက်ခံအားပေးကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

မော်လမြိုင်မြို့၌ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲတော် ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၄

မွန်ပြည်နယ်၌ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် နှစ်စဉ်ကျင်းပသည့် ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း ဆိပ်ကမ်းသာတံတား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပွဲတော်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ဇနီးတို့က ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်မှန်း၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် မုန့်ခဲဖွယ်များ ကပ်လှူပူဇော်ကြပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ သံလွင်မြစ်အတွင်းသို့ ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်မှန်းကပ်လှူသည့် ဆွမ်း၊ မုန့်၊ သပိတ်၊ ဆီမီးနှင့် လှူဖွယ်ဝတ္ထုများ ထည့်သွင်းထားသော ဆွမ်းအိုး (ရေမျှောဆွမ်းအိုး)များကို စေတနာသဒ္ဓါတရားထက်သန်စွာ မျှော၍ ပူဇော်ကြသည်။



အဆိုပါ ပွဲတော်နှင့်အတူ မြို့ပေါ် ရပ်ကွက်များတွင် စေတနာရှင်၊ အလှူရှင်များက စတုဒိသာများ ဧည့်ခံကျွေးမွေးကြရာ ပွဲတော်လာ ပြည်သူများဖြင့် စည်ကားခဲ့သည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်နယ် ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားဝင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးကာ MSME ပြခန်းများ၊ အရောင်းဆိုင်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



ရေးမြို့ ကျက်သရေဆောင် စကားတောင် စေတီတော်မြတ်ကြီး၌ ဆီမီး ၂၅၇၀ ထွန်းညှိပူဇော်

ရေး နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် စကားတောင်စေတီတော်မြတ်ကြီး၌ သာသနာနှစ် ၂၅၇၀ ပြည့်နှစ်ကို ရည်မှန်း၍ ဆီမီး ၂၅၇၀ ထွန်းညှိပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းက ကျင်းပရာ ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တအရှင်ပညာဇောတက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ပန်း၊ ဆီမီး၊ ရေချမ်းဆက်ကပ်လှူဒါန်းသည့် ဂါထာတော်အား ဦးဆောင်ရွတ်ဖတ်ပူဇော်ပေးကာ ဩဝါဒကထာချီးမြှင့်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နဝကမ္မဝတ္ထုငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ဆုတောင်းမေတ္တာပို့ အမျှပေးဝေသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဆောင်၍ စေတီတော်ရင်ပြင်၌ ဆီမီး ၂၅၇၀ စတင်ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးလွှတ်တင်ခြင်းများဆောင်ရွက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ဝတ်ရွတ်ပူဇော်သည့်အသင်းအား ဆုငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

ထားဝယ်မြို့၌ (၁၁၄)ကြိမ်မြောက် တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ



ထားဝယ် နိုဝင်ဘာ ၂၄

ထားဝယ်မြို့၌ (၁၁၄)ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက လောကမာရဇိန် ဘုရားကြီးအရှေ့မုခ်ဦး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တန်ဆောင်တိုင် ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲကြီးသည် ဒေသတွင်း အထင်ရှားဆုံး ပွဲတော်တစ်ခုဖြစ်သောကြောင့် ထားဝယ်ဒေသခံများ နှစ်စဉ်ပါဝင်ဆင်နွဲလေ့ရှိသည့် ပွဲတော်တစ်ခုလည်းဖြစ်ကာ ထားဝယ်မြို့၏ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရား ရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံသည့် ပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုတွင် နှစ်ပေါင်း(၁၁၄)နှစ် တိုင်ခဲ့ပြီဖြစ်သည်။

ဖူးမြော်ကြည်ညို

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သိန်းဇော်မြင့်၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် ဘုရားကြီးဂေါပကအဖွဲ့နာယက ဦးထွန်းသိန်းတို့က (၁၁၄)ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်နှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြည်သူများက နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားဒေသစာရီလှည့်လည်ပူဇော်ပွဲကို ရပ်ကွက်၊ ကျေးရွာများမှ ဥပသကာများ လိုက်ပါ၍ ဘုရားကြီးအရှေ့မုခ်ဦးမှ ရွှေတောင်စားလမ်းအတိုင်း ဆေးရုံလမ်း၊ ဟိန္ဒူဘုရားကျောင်းလမ်းဆုံ၊ အာဇာနည်လမ်းမှ တစ်ဆင့် ရန်ကြီးအောင်လမ်း၊ မြိတ်တန်းလမ်း၊ မြို့တွင်းလမ်းမှ တစ်ဆင့် ရဲရိပ်သာလမ်း၊ ပခုက္ကူကျောင်းလမ်း၊ ရုံးကြီးလမ်း၊ ဈေးတောင်ဘက်လမ်း၊ ဗိုလ်ချုပ်လမ်း၊ ညောင်ပင်ကြီးလမ်း၊ ကမ်းနားလမ်း၊ သဲပုံစေတီလမ်း၊ တရုတ်တန်းလမ်း၊ အာဇာနည်လမ်း၊ ဗိုလ်ချုပ်လမ်း၊ အနောက်မြို့တွင်းလမ်း၊ ရေးလမ်း၊ နိဗ္ဗာန်လမ်း၊ ကမြောကင်းလမ်း၊ ဆန်းချီလမ်း၊ ဘုရားကြီးနောက်လမ်းအတိုင်း လှည့်လည်အပူဇော်ခံသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားများမြို့တွင်းသို့ လှည့်လည်ပူဇော်ခံရာတွင်ပါဝင်သည့် ရပ်ကွက်နှင့် ကျေးရွာ၏အမည်များကို ထားဝယ်ဒေသိယစကားဖြင့် ရေးသားဖော်ပြမှုရှိကြပြီး သရုပ်ဖော်ရုပ်လုံး၊ ရုပ်ကြွများ၊ အတီး၊ အမှုတ်၊ အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်ခဲ့သောကြောင့် ဘုရားလာရောက်ဖူးမြော်သူများ၊ထားဝယ်ဒေသခံပြည်သူများ အထူးစိတ်ဝင်စားမှုရှိကြသည်။

ဘုရား လှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက်တွင် လိုက်ပါလာသူများအား ရပ်ကွက်အလိုက် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသည့်အပြင် လာရောက်ဖူးမြော်ကြည်ညိုကြသည့် အများပြည်သူများအား တေးသီချင်း၊ စတိတ်ရှိးများဖြင့် ညလုံးပေါက် ဧည့်ခံဖျော်ဖြေကြသည်။ ထို့သို့ ဘုရားလှည့်လည် ပူဇော်ရာ လမ်းကြောင်းတစ်လျှောက်တွင် ကုသိုလ်ယူ အမှိုက်ကောက်သည့် အဖွဲ့များက စနစ်တကျဖြင့် အမှိုက်ကောက်ကြပြီး လှည့်လည်ရာတွင် ပါဝင်ပို့ဆောင်ကြသူများ မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိပါကအချိန်မီ ကူညီကုသပေးနိုင်ရန်အတွက် လူမှုအသင်းအဖွဲ့များလည်း အဆင်သင့်ဝန်းရံလျက် လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ကြီးတွင် ဆီမီးသုံးထောင်ထွန်းညှိပူဇော်၊ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးတွင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ဘုရားရှင်အား ရည်မှန်း၍ ဆီမီးသုံးထောင်ထွန်းညှိပူဇော်ကြသည်။

မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ကြီး ဂေါပကအဖွဲ့မှ ဦးဆောင်၍ ဘုရားရှင်အား ရည်မှန်း၍ ခုနစ်ရက်သားသမီးများက ဆီမီးသုံးထောင်ထွန်းညှိပူဇော်ကြပြီး အမြို့မြို့အနယ်နယ်မှ ဘုရားဖူးပြည်သူများက ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ ဘုရားဖူးမြော်ခြင်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါနငှက်နှင့် ငါးတို့လွှတ်ခြင်း စသည့်ကောင်းမှုများ လာရောက်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

သက်လွင်စိုး(ပြန်/ဆက်)

စာအုပ် ❖ စာပေမြင့်မှ
စာပေ ❖ လူမျိုး
လူ့မိတ်ဆွေ ❖ တင့်မည်

(၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနွှောဖလှယ်ပွဲ အကြိုဂုဏ်ပြုဆောင်းပါး

ပညာရပ်ချင်းဖလှယ်လို့ တိုင်းရင်းဆေးကဏ္ဍမြှင့်တင်စို့

နေနေနိုင်ရည်၊ နန်းခင်ထွေး (တိုင်းရင်းဆေးပညာဦးစီးဌာန)

မြန်မာ့တိုင်းရင်းဆေးပညာသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့် ခေတ်ကာလများကတည်းက သမိုင်းအထောက်အထားခိုင်မာစွာတည်ရှိခဲ့သည့် အမျိုးသားရေးအမွေအနှစ် ဆေးပညာတစ်ရပ်ဖြစ်ပါသည်။

ရှေးမြန်မာများက မြန်မာ့ရေမြေတောတောင် သဘာဝအလျောက် ပေါက်ရောက်နေသော မြန်မာ့ဆေးဖက်ဝင်အပင်များဖြင့် ဆေးဝါးများ ဖော်စပ်သုံးခဲ့ပြီး ကျန်းမာခဲ့ကြ၊ အသက်ရှည်ခဲ့ကြ၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြရာ ယနေ့ထိတိုင် မြန်မာ့တိုင်းရင်းဆေးဂုဏ်ရောင် ထွန်းတောက်လျက်ရှိပါသည်။ ယခု မျက်မှောက်ခေတ်တွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကြီးမားပြီး အဖိုးထိုက်တန်လှသော မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် တိုင်းရင်းဆေးပညာကို ခေတ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် နှစ်စဉ် ညီလာခံများကျင်းပပေးကာ အားပေးချီးမြှောက်လျက်ရှိပါသည်။

(၂၅)ကြိမ်မြောက် ဌေရတုအခမ်းအနား

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၂၅)ကြိမ်မြောက် ဌေရတုအခမ်းအနား သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ယခုလို ညီလာခံများ အောင်မြင်စွာကျင်းပနိုင်ရခြင်းသည် နိုင်ငံတော်အစိုးရအဆက်ဆက်၏ တိုင်းရင်းဆေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ အားထုတ်ကြိုးပမ်းမှု၊ တိုင်းရင်းဆေးသမားတော်များနှင့် နီးနွှယ်ပညာရှင်များ၏ ပိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်နိုင်ရေးနှင့် ကျင့်ဝတ်လိုက်နာမှု ပိုမိုတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ (၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကို သုံးရက်တိုင် ကျင်းပသွားမည် ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အကြိုညနိုင်းဆွေးနွေးပွဲကို တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ် (၄-ဂ) တွင် လည်းကောင်း၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) တွင် လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရုံးအမှတ်(၄-ဂ)တွင် လည်းကောင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။



(၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ညီလာခံ၏ အဓိက အသက်သွေးကြောဖြစ်သည့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အချက်များကို အဆိုပြုတင်သွင်း ဆွေးနွေးကြမည် ဖြစ်ပါသည်။ အဆိုများတင်သွင်းရန်နှင့်ပတ်သက်၍ တက်ရောက်လာကြသော တိုင်းရင်းဆေးသမားတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်တော်များနှင့် နီးနွှယ်ပညာရှင်များက တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏အတွေ့အကြုံ၊ အတွေးအခေါ် အယူအဆများကို ဝိုင်းဝန်းဆွေးနွေးကြမည်ဖြစ်ပြီး ထိုအဆိုပြုချက်များမှ ထွက်ပေါ်လာမည့် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဆက်လက်၍မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲတွင် ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များနှင့် ဆေးဝါးများအား လက်တွေ့အသုံးချနိုင်ရေးနှင့် စနစ်တကျ ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းဆေးဆရာများကဒေသအလိုက်ရိုးရာတိုင်းရင်းဆေးကုထုံးများ၊ ဆေးဝါးများ၊ ဒေသပေါက်ဆေးဖက်ဝင်အပင်များနှင့်ဆေးအသုံးများ၊ တိုင်းရင်းသားလူမျိုးများ၏ လက်တွေ့နယ်ပယ်တွင် ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းလာသော ကုထုံးများနှင့် ပတ်သက်သော စာတမ်းများအား ဖတ်ကြားကြမည် ဖြစ်ပါသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နီးနွှယ်ပညာရှင်ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးကြမည် ဖြစ်ပါသည်။ ထိုကဲ့သို့ဆွေးနွေးခြင်းမှ ရရှိလာသော ပညာရပ်ဆိုင်ရာကုထုံးများ၊ ဆေးဝါးများကို ခေတ်နှင့်အညီ ဖော်ထုတ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူကောင်းများ ရရှိမည်ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နည်းပညာများတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းဆေးပညာရပ်နှင့် ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ယခုညီလာခံနှင့် နီးနွှောဖလှယ်ပွဲများ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ဘေးအန္တရာယ်ကင်းရှင်းပြီး အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများကို စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ထုတ်လုပ်နိုင်ရန် အထောက်အပံ့ကောင်းများရလာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ရာတွင် ပိုမိုထိရောက်သောကုထုံးများ၊ ဆေးဝါးများနှင့် စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပြီး အနာဂတ် တိုင်းရင်းဆေးလောကနှင့် နောင်လာနောက်သားများ၊ မျိုးဆက်သစ်များအတွက် အကျိုးကျေးဇူးများစွာရရှိမည် ဖြစ်ပါသည်။

ထို့ကြောင့် (၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကြီးတွင် အတွေ့အကြုံရင့်တိုင်းရင်းဆေးသမားတော်ကြီးများ၏လက်တွေ့ကုထုံးများ၊ အကြံဉာဏ်များ၊ အတွေးအခေါ်များကို မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များက လက်ဆင့်ကမ်းအမွေခံယူ၍ အတွေ့အကြုံအခေါ်ပြု ဆေးပညာမှသည် အထောက်အထားအခေါ်ပြု ဆေးပညာ (Experience- Based Medicine to Evidence-Based Medicine) သို့ ဖြစ်လာစေရန် သိပ္ပံနည်းကျတွေးခေါ်မှုများနှင့် ပေါင်းစပ်ကာ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးဖလှယ်ကြမည် ဖြစ်ပါသည်။ ထို့အပြင် (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနွှောဖလှယ်ပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပြခန်းများ၊ ပုဂ္ဂလိက တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ မြန်မာ့တိုင်းရင်းဆေးဝါးပြခန်းများကိုလည်း ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

> **“ညီလာခံနှင့် နီးနွှောဖလှယ်ပွဲများ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ဘေးအန္တရာယ်ကင်းရှင်းပြီး အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများကို စံချိန်စံညွှန်းနှင့်အညီ စနစ်တကျထုတ်လုပ်နိုင်ရန် အထောက်အပံ့ကောင်းများ ရလာနိုင်မည်”**

သို့ဖြစ်ပါ၍ (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကြီးက မြန်မာ့တိုင်းရင်းဆေး သမားတော်များ၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးနိုင်မည့် ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် ယခုနှစ်ကျင်းပမည့်ညီလာခံသို့ တက်ရောက်လာကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် နီးနွှယ်ပညာရှင်များက မိမိတို့ တိုင်းရင်းဆေးလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှုပေးရာတွင် ပိုမိုအားထားရသည့် အခန်းကဏ္ဍတစ်ခုအဖြစ် အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်စေရန်ရည်ရွယ်၍ ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး



သုံးရေချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ တတိယနေ့ညပိုင်းတွင် ပြည်သူအများ လာရောက်ပါဝင်ဆင်နွဲ



ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပလျက်ရှိရာ ပွဲတော်တတိယနေ့ညပိုင်းတွင် ပြည်သူသိန်းနှင့်ချီ လာရောက်ပါဝင်ဆင်နွဲကြသည်။

အဆိုပါပွဲတော်တွင် ပြည်သူများ စိတ်အပန်းပြေစေရန် နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာအက အလှများ၊ ခေတ်ပေါ်ဒီဂျေတေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်သူသိန်းနှင့်ချီ အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွဲခဲ့ကြသည်။ ထို့ပြင် ပွဲတော်လာရောက်လည်ပတ်ကြသူ ပြည်သူများ အလှဓာတ်ပုံများ ရိုက်ကူးနိုင်ရန်အတွက် အလှဆင်မီးများဖြင့် ပုံဖော် အလှဆင်ပေးထားရာ ပွဲတော်လာပြည်သူများ အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပွဲတော်လာ ပြည်သူများအား စတုဒိသာထမင်းနှင့် ဟင်းများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါပွဲတော်တွင် ပြည်သူများ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ပြသထားသည့် ပြခန်းများ၊ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပြခန်းများအပြင် အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြစ်သည့် ဆန်နှင့်ဆီများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်သူများ တစ်ခဲနက်ကြိတ်ကြိတ်တိုး ဝယ်ယူ အားပေးခဲ့ကြသည်။ ထို့ပြင် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အလှကုန်ပစ္စည်း အရောင်းဆိုင်များနှင့် အစားအသောက်ရောင်းချသည့် ဈေးဆိုင်ခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ဝယ်ယူ အားပေးကြသူ ပြည်သူများဖြင့် ပွဲတော်တွင် အထူးပင်ကြိတ်ကြိတ်တိုး စည်ကားခဲ့ကြောင်းနှင့် ပွဲတော် တတိယနေ့ညတွင် မြတ်စွာဘုရားရှင်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မီးပုံးများ လွှတ်တင်ပူဇော်ခဲ့ကြသည်။

အဆိုပါ ပွဲတော်နောက်ဆုံးနေ့တွင် မြတ်စွာဘုရားရှင်အား မီးပုံး လွှတ်တင်ပူဇော်ခြင်းအပြင် မီးရှူးမီးပန်းများ ပစ်ဖောက်သွားမည်ဖြစ်ကြောင်းနှင့် ပွဲတော်လာ ပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် YBS ယာဉ်များဖြင့် ပွဲတော်ပြီးဆုံးချိန်အထိ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ကျောက်ကြီးမြို့နယ်၌ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

ကျောက်ကြီး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့ညနေပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စီမံမှုဖြင့် ဆားတန်းရပ်ကွက်နှင့် ကပ်ကျေးရပ်ကွက်တို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ကြီးကြပ်မှုဖြင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပသည်။

အဆိုပါပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံပြည်သူ ၂၀၀၀ ခန့် ပါဝင်ဆင်နွဲခဲ့ကြကြောင်းနှင့် နိဗ္ဗာန်ဈေးပွဲတော်တွင် ထမင်း၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး၊ ဆန်ခေါက်ဆွဲနှင့် မြန်မာ့ရိုးရာကောက်ညှင်းမုန့်အမျိုးမျိုးဖြင့် ကျွေးမွေးဧည့်ခံကြပြီး ညပိုင်းတွင် ရွှေဂူစေတီတော်နှင့် ဝဲပျံဘုန်းတော်ကြီးကျောင်း စေတီတော်တို့တွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ဆပ်ကပ်လှူဒါန်းပူဇော်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)





ပေါင်မြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

ပေါင် နိုဝင်ဘာ ၂၄

တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၂၄ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း စတုဒိသာကျွေးမွေးသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ လူတစ်ဦးလျှင် ဆန်တစ်ပြည်ပေးဝေခြင်း၊ လှူဒါန်းသည့်ပစ္စည်းများ မဲနှိုက်လှူဒါန်းပေးခြင်း၊ ကျိုက်ပေါင်းဆံတော်ရှင်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ယောဂီအဖွဲ့များက ဓမ္မစကြာတရားတော်ကို အလှည့်ကျရွတ်ဖတ်ပူဇော်ကာ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမိုး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်းစွမ်းသူ ၃၀၀ အား ငွေနှင့်စားသောက်ဖွယ်ပစ္စည်းများ ပေးအပ်

မဟာအောင်မြေ နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ 62 Hotel နှင့် 62 R.O သောက်ရေသန့် မိသားစုမှ မသန်းစွမ်းသူ ၃၀၀ အား ငွေနှင့် စားသောက်ဖွယ်ပစ္စည်းများကို နိုဝင်ဘာ ၂၄ ရက်က အဆိုပါ ဟိုတယ်၌ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထိုသို့ပေးအပ်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်းစွမ်းသူ ၃၀၀ အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်း၊ ဆန်ငါးပြည်၊ ဆီတစ်ပိဿာ၊ ရွှေကျီးမုန့် တစ်ထုပ်၊ အာလူးကြော် တစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေတိုး

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၇)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပ



မန္တလေး နိုဝင်ဘာ ၂၄

၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၇) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီးတွင် ကျင်းပသည်။

အခမ်းအနားမစတင်မီ နံနက် အရုဏ်ဦးအချိန်တွင် ရေတော်ဆရာတော်နှင့် မဟာမုနိဝေယျာဝစ္ဆအဖွဲ့တို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အမွေးနုံသာရည်များဖြင့် မျက်နှာသစ်တော်ရေသပ္ပာယ်ကာ ရောင်တော်ဖွင့်၍ ဆွမ်းခဲ့ဖွယ် ဘောဇဉ်၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်ရန် နေ့ချင်းပြီးရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်းတော်၊ သင်းပိုင်သင်္ကန်းတော်များကို ရေတော် ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္ဆအဖွဲ့၊ ရက်ကန်းပညာရှင်များအဖွဲ့နှင့် စက်ချုပ်ပညာရှင်များအဖွဲ့က ပင့်ဆောင်ကာ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ပူဇော်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံ၊ ကပ်လှူပူဇော်လှူဒါန်းကြသည်။

ယင်းနောက် မသိုးမြတ်သင်္ကန်း ရက်လုပ်ခဲ့ကြသည့် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ စသည့် ရက်ကန်းပညာရှင်များအဖွဲ့၊ ကိုးလုံးတကာ ရက်ကန်းပညာရှင်နှင့် စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိဝေယျာဝစ္ဆအဖွဲ့တို့အား ဂုဏ်ပြုငွေများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရားရင်ပြင်တော်၌ ဘာသာရေးအသင်းအဖွဲ့များက နိုဝင်ဘာ ၂၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ညတွင် ဖယောင်းအလင်းရောင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



ဥတ္တရသီရိမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာနှစ်ရွာသို့ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်အတွင်း ဘုရားတောင်ကျေးရွာနှင့် ပိုတက်ကျေးရွာတို့၏ လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၆ ရွာရှိသည့်အနက် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာနှစ်ရွာသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

မိုးညှင်းသမ္မဒ္ဓေဘုရား ဗုဒ္ဓပူဇနီယပွဲတော် အထူးစည်ကား



မုံရွာ နိုဝင်ဘာ ၂၄

မုံရွာမြို့နယ် ကမ္ဘာကျော် မိုးညှင်းသမ္မဒ္ဓေဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းပွဲနှင့် ဈေးပွဲကို ကိုဗစ် - ၁၉ ကာလ နောက်ပိုင်း ခုနစ်နှစ်အကြာတွင် ပြန်လည်ကျင်းပရာအထူးစည်ကားခဲ့သည်။

ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းအမြောက်အမြားကို မုံရွာမြို့နှင့် မိုးညှင်းသမ္မဒ္ဓေစေတီကြီး ဝန်းကျင်ဒေသများမှ ကျေးရွာများအပြင် အဝေးမြို့ရွာများကပါ ယခုနှစ်ဘုရားပွဲ ပြန်လည်ကျင်းပသည့်အတွက် လာရောက်လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်း လောင်းပွဲတွင် မုံရွာမြို့နှင့်ဝန်းကျင်ကျောင်းတိုက်များမှ ပင့်သံဃာအပါး ၁၂၀ ကို ဘုရားပွဲတော်လာ အလှူရှင် စေတနာရှင်များက ဆွမ်းဆန်တော်၊ ဝတ္ထုငွေ၊ ခေါက်ဆွဲခြောက်၊ ကြာဆံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ သပိတ် စသဖြင့်လှူဒါန်းဖွယ်ရာ အစုံလှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အပြီးတွင် မိုးညှင်းသမ္မဒ္ဓေစေတီ၊ သာသနာ့အဆောက်အအုံပုံနှင့် ဘာသာသာသနာနှင့် ဆက်စပ်သောပုံများပါဝင်သော မီးပုံးပျံကြီးကို စုပေါင်းအလှူရှင်များက လွှတ်တင်ကြသည်။

ကမ္ဘာကျော်မိုးညှင်းသမ္မဒ္ဓေဘုရား ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဈေးပွဲခင်းကို တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ ၁၅ ရက် (လပြည့်နေ့)အထိ မိုးညှင်းသမ္မဒ္ဓေဘုရားဝင်း အပြင်ဘက်တွင် ခင်းကျင်းရောင်းချကြရာ ဘုရားပွဲလာပြည်သူများဖြင့် အထူးစည်ကား ပျော်ရွှင်နေကြကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

နတ်မောက်မြို့၌ မီးဘေးကြုံတင်ကာကွယ်ရေးစစ်ဆေး

နတ်မောက် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနက အယ်လ်နီညိုသဘာဝဘေးကြောင့် မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လိုက်လံစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဈေးရပ်ကွက်အတွင်း လိုက်လံစစ်ဆေးကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ လူနေအိမ်များအတွင်း တရားမဝင်လောင်စာဆီများ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းမပြုလုပ်ရန်၊ ရှေးဦးမီးဖြို့မီးသတ်ရေး ပစ္စည်းကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဆေးဘူးများ အသင့်ချိတ်ဆွဲထားရှိရန်၊



လောင်စာအမှိုက်များ စုပုံထားရှိခြင်းနှင့် အမှိုက်မီးရှို့ခြင်းများမပြုလုပ်ရန်၊ လူအစောင့်မရှိဘဲ မီးဖိုမီးသုံးစွဲခြင်းမပြုလုပ်ရန်၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းအသုံးပြုရန်စသည့် မီးဘေးသတိပေးဆိုင်ရာ အကြံပြုချက်များကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**





လွိုင်ကော်မြို့၌ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ



လွိုင်ကော် နိုဝင်ဘာ ၂၄

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးု၍ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဒုတိယနေ့ကို ယမန်နေ့ညက လွိုင်ကော်မြို့ ကန္ဒဟောဝန်ပန်းခြံကျောက်သားရင်ပြင်၌ ကျင်းပသည်။

တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ ဒုတိယနေ့အဖြစ် လွိုင်ကော်မြို့ ရပ်ကွက်အသီးသီးမှ ပြိုင်ပွဲဝင် ညမီးကြိုး ကိုးလုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တေးဂီတများဖြင့်လည်း မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မီးပုံးပျံပြိုင်ပွဲဝင် အသင်းများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ညမီးကြိုးမီးပုံးပျံ အလုံး ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ တန်ဆောင်မုန်း လပြည့်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနအသီးသီးနှင့် စေတနာရှင်ပြည်သူများက မြန်မာ့ရိုးရာ အစားအစာမျိုးစုံကိုစတုဒိသာမဏ္ဍပ်များဖြင့် ကုသိုလ်ပြုဧည့်ခံကျွေးမွေးခြင်း၊ မီးပုံးပျံပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများအား ဆုချီးမြှင့်ခြင်းနှင့်အတူ တေးဂီတများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)



သထုံရွှေစာရံစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းနှင့် ပအိုဝ်းရိုးရာမေးဗို(မီးကြာ) ကပ်လှူပူဇော်ပွဲ စည်ကားစွာကျင်းပ

သထုံ နိုဝင်ဘာ ၂၄

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင်လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးအား မြို့နယ်အတွင်းရှိ ပြည်သူများက ယနေ့ (တန်ဆောင်မုန်းလပြည့်နေ့) မွန်းလွဲပိုင်းတွင် ရွှေကြာသင်္ကန်းတော်များနှင့် ပအိုဝ်းတိုင်းရင်းသားရိုးရာမေးဗို (မီးကြာ)တို့ကို အသင်းအဖွဲ့အလိုက် စည်ကားသိုက်မြိုက်စွာ လာရောက်ကပ်လှူပူဇော်ကြသည်။

စေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ရာတွင် သထုံမြို့နယ်အတွင်းရှိ အသင်းအဖွဲ့များ၊ ပအိုဝ်းတိုင်းရင်းသားအဖွဲ့များက မွန်းလွဲ ၃ နာရီခန့်မှစတင်ကာ ရွှေကြာသင်္ကန်းတော်နှင့် ပအိုဝ်းရိုးရာမေးဗို (မီးကြာ)များကို အဖွဲ့အလိုက် စီတန်းကိုင်ဆောင်ကာ လှည့်လည်ကြပြီး စေတီတော်မြတ်ကြီးအပါအဝင် အရံစေတီတော်များ၊ ရုပ်ပွားတော်များအား ကြာသင်္ကန်းနှင့် ဆီမီး၊ ရေချမ်းတို့ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

(၅၁၆) နှစ်ပြည့် ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်ပွဲ၊ အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၅၁၆) နှစ်ပြည့် ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်ပွဲ၊ အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် ရပ်ကွက်အဖွဲ့များ အလိုက် (၉၅) ကြိမ်မြောက် နှစ်ကျပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲတွင် ဆုရရှိသည့် ရပ်ကွက်အဖွဲ့များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



(၅၁၆) နှစ်ပြည့် ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်ပွဲကို ဗိုလ်မှူးဖိုးကွန်းလမ်းဗဟိုမဏ္ဍပ်၌ နံနက် ၈ နာရီတွင် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဝင်းခင်းသဘင် အခမ်းအနားတွင် နိုင်ငံကျော် အနုပညာရှင်များက မြို့ရွှေမန်းသား ဇာတ်သဘင်အဖွဲ့သူ အဖွဲ့သားများနှင့်အတူ ဆင်ငါးစီး၊ မြင်းများဖြင့် ရာဇာဝင်းခင်း၊ ဒေါဝင်းခင်း၍ ဗဟိုမဏ္ဍပ်မှ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး-ဇနီး ဒေါ်ဝင့်ရည်အေးမိသားစုနှင့် ဧည့်ပရိသတ်များ၊ တောင်ငူဒေသခံပြည်သူများ စုစုပေါင်း ၂၀၀၀ ခန့် လာရောက် ကြည့်ရှုအားပေးကြသည်။

ထို့အတူ ယနေ့နံနက် ၅ နာရီတွင် KMA Kaytumadi Hotel ဘုရင့်နောင်ခန်းမ၌ CB Bank ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက သံဃာတော်အရှင်မြတ် ၅၁၆ ပါး အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ကပ်လှူကြပြီး ကြာနီကန်ကျောင်းတိုက် ဆရာတော် ကြီးထံမှ ငါးပါးသီလခံယူဆောက် တည်၍ မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်ယိုယွင်းပျက်စီး ခဲ့သည့် ဘုရားစေတီတော် ရှစ်ဆူ ပြုပြင်လှူဒါန်းခြင်း၊ ဘာသာရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာ လှူဒါန်းမှုများ စုစုပေါင်းလှူဒါန်း ငွေကျပ် သိန်း ၅၅၀၀၀ လှူဒါန်း ခဲ့ခြင်းအတွက် ရေစက်ချတရား နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဂုဏ်ပြုနေ့လယ် စာ ဧည့်ခံကျွေးမွေးခြင်းနှင့် ရပ်ကွက်အဖွဲ့များအလိုက် (၉၅) ကြိမ်မြောက် နှစ်ကျပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲတွင် ဆုရရှိသည့် ရပ်ကွက်အဖွဲ့များအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

လက်ပံတန်းမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည် စည်းဝေး

လက်ပံတန်း နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သမဝါယမအသင်းစည်းကမ်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မည့်အစီအမံများအကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သမဝါယမအသင်းစု၏ အမှုဆောင်ဒါရိုက်တာ ခုနှစ်ဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်အဆိုပြုထောက်ခံခြင်းနှင့် အတည်ပြုခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)







သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ရွှေကြာသင်္ကန်းကပ်လှူပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန် တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ပဉ္စမအကြိမ်မြောက် ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလ အခါတော်နေ့) နံနက် ၅ နာရီက ကျင်းပသည်။

ထိုသို့ ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို နေမောတသသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်း



ရည်ရွယ်ချက်နှင့် အကျိုးများကို ရှင်းလင်းပြောကြားကာ အနံ ၅ ကိုက် ခွဲ x အလျား ၆ ကိုက် ခွဲရှိ ရွှေကြာသင်္ကန်း အထည် ၉၀ အား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး၊ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်မအလှူရှင်များက စေတီတော် အထက်ပစ္စယာ၊ အောက်ပစ္စယာ၊ ပန်းတင်ခုံများရှိ စေတီတော်များ၊ ပရိဝုဏ်အတွင်းရှိ အရံစေတီများ၊ မတ်ရပ် ရုပ်ပွားတော်များ၊ လျောင်းတော်မူ ရုပ်ပွားတော်များ၊ ထိုင်တော်မူရုပ်ပွားတော်များနှင့် မဟာဗောဓိညောင်ပင်ရိုးဗုဒ္ဓရုပ်ပွားတော်များအပြင် သာသနဓောတိက ဓမ္မာရုံအတွင်းရှိ ရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ် ပူဇော်ခဲ့ကြကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)



တွံတေးမြို့၌ (၄၉)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့ လှည့်လည်ပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ကျက်သရေဆောင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆံကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကိန်းဝပ်တော်မူသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲကို ယနေ့ညနေပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီးမှ မြို့ပေါ်ရှစ်ရပ်ကွက်အတွင်းသို့ လှည့်လည်ပူဇော်ခဲ့ခဲ့သည်။

ထိုသို့ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့ လှည့်လည်စဉ် စေတနာရှင် အလှူရှင်များက ဘုရားရှင်တို့၏ ဂုဏ်တော်အား ကြည်ညိုသဒ္ဓါပွားကာ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကြသည်။

တွံတေးမြို့နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်ပူဇော်ပွဲကို ဒေသခံများသာမက ရပ်ဝေး၊ ရပ်နီးမှပြည်သူများပါလာရောက်ပူဇော်လေ့ရှိသည်။ မသိုးသင်္ကန်ရက်လုပ်ပြိုင်ပွဲနှင့် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ အကောင်းဆုံးအလှပြယာဉ်များအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် ည ၇ နာရီတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

တပ်ကုန်းမြို့၌ မီးပုံးပျံ လွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းပစ်ဖောက်ပွဲ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲ

တပ်ကုန်း နိုဝင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းပစ်ဖောက်ခြင်းကို နိုဝင်ဘာ ၂၄ ရက်(တန်ဆောင်မုန်း လပြည့်)ည ၆ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပွဲသို့ ဥတ္တရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊



မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ တက်ရောက်ကာ မီးပုံးပျံများလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းပစ်ဖောက်ခြင်းများကို တပျော်တပါးဆင်နွှဲခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

ပွင့်ဖြူမြို့ ပြည်လုံးချမ်းသာဘုရားကြီး၌ ဆီမီး ၆၀၀၀ ထွန်းညှိပူဇော်

ပွင့်ဖြူ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာများ စုပေါင်းပြီး ပွင့်ဖြူမြို့အဝင်ရှိပြည်လုံးချမ်းသာဘုရားကြီး၌ ဆီမီး ၆၀၀၀ ထွန်းညှိ ကပ်လှူပူဇော်သည်။

ထွန်းညှိပူဇော်

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ဦးဆောင်ပြီး



မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီး ၆၀၀၀ အား ထွန်းညှိပူဇော်ခဲ့ကြသည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့) အခါသမယ၌ ဒေသခံပြည်သူများက မိမိတို့ ရပ်ကွက်/ကျေးရွာ အလိုက် မဲလှည့်ဖူးသုပ်၊ ကြာဆံဟင်းခါး စသည်ဖြင့် စတုဒိသာ ကျွေးမွေးခြင်း၊ ဘုရားစေတီပုထိုးများသို့ သွားရောက်၍ အန္တရာယ်ကင်း ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ တရားဘာဝနာများ ကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ် ပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစိတိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကိုကျွန်စွာထမ်းဆောင်လျက်ရှိကြောင်း များကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာစီမျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း ၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

လူငယ်နှင့် ဘဝအောင်မြင်ရေး

စူးစိုက်ခြင်းနှင့် စူးစိုက်ခြင်းနှစ်မျိုး

ပီမိုးနင်း

ယခုခေတ်သည် အလုပ်များ၏။ လျင်မြန်စွာ လုပ်ရသောခေတ်ဖြစ်၏။ သို့ဖြစ်၍ စူးစိုက်စွမ်းမြင်ခြင်း၏ လေ့ကျင့်ခန်းမှာ များစွာချို့ငဲ့လေသည်။ စူးစိုက်သော စိတ်သည် လူ၏ တန်ခိုးအကြီးဆုံးဖြစ်လေသည်။ စူးစိုက်မှု ထွင်းဖောက်နိုင်၏။ ဆန်းသစ်သော ပညာ၊ များပြားထူးထွေသော ခေတ်ကာလအသုံးအဆောင်များသည် စူးစိုက်သောစိတ်ကြောင့်ပင် ဖြစ်လေသည်။

စူးစိုက်သောစိတ်ထက်သန်သလောက် လောက၌ ပေါက်ရောက်ကြီးပွားး၍ ထိုစိတ်အားနည်း သလောက် လောက၌ သိမ်ငယ်ခြင်းဖြစ်ရလေသည်။

လောက၌ မကြီးပွားသူ၊ မထက်မြက်သူ နည်းသည်မှာ စူးစိုက်သောစိတ်ရှိသူနည်းခြင်း ကြောင့်ပင်ဖြစ်လေသည်။

ထိုစိတ်ကို အချို့က မရနိုင်အောင်ခက်ခဲသည်ဟု မှတ်ထင်ကြ၏။ သို့မှတ်ထင်ခြင်းကြောင့် မလေ့ကျင့်ကြပေ။ မလေ့မကျင့်ခြင်းကြောင့်လည်း မရဘဲနေကြလေသည်။ လေ့ကျင့်လျှင် မည်သူမဆို ရနိုင်လေသည်။

ထိုစူးစိုက်သောစိတ်ကို ရအောင်လေ့ကျင့်ရန် မခက်ပေ။ အချို့ကား သမထဝိပဿနာအလုပ်ကဲ့သို့ ခက်ခဲစွာလေ့ကျင့်ရမည်ဟု မှတ်ထင်ကြလေသည်။ ဤကဲ့သို့လေ့ကျင့်ရန် အချိန်မရှိပေ။

ယခုကာလသည် အလုပ်များသောကာလ ဖြစ်၏။ ကြီးပွားလိုသောစိတ်နှင့် အချိန်လွတ်ထားကာ အပိုသမထကို ကျင့်၍နေဖို့မလို၊ ကြီးပွားလိုသူတို့မှာ လုပ်သောအလုပ်၌စိတ်ကို လုံးလုံးလျားလျားသွင်းပြီး ချို့ယွင်းချက်မရှိအောင် လုပ်ကိုင်ဖို့သာလိုပေသည်။

စာကိုဖတ်လျှင် စာထဲ၌ စိတ်ကိုထား၊ စာဖတ်ရင်း လမ်းမှာမြင်ရသောအရာများဘက်သို့ စိတ်ကို မရောက်အောင်ထိန်းဖို့သာ လိုလေသည်။ ကစား လျှင် ကစားပွဲထဲ၌ စိတ်ကိုသွင်း၍ ကစားခြင်းမှ ရနိုင်သမျှသောအပျော်ကို အကုန်ရရစေရမည်။

အိပ်ရာဝင်သည့်အခါ အိပ်မည်။ အိပ်မည်ဟူသော စိတ်ကိုသာထားလျှင် မြန်စွာအိပ်၍ ပျော်လွယ်လေသည်။ စာကျက်ရာ၌၊ တွက်ချက်ရာ၌ စူးစိုက်စွာကျက်လျှင်၊ ကြံလျှင် အရမြန်လေသည်။ အဘယ်နည်း အဘယ်ပုံ ပို၍ကောင်းအောင် ကြံရမည်ဟူ၍သာ တစ်ခုတည်းသောစိတ်ကိုထား၍ လုပ်ရမည်။ ထိုအခါ ပိုမို၍ကောင်းလျက် ထင်ပေါ်ကျော်ကြား၍လာလိမ့်မည်။ အကြံတစ်ခုခုကို ပြုလုပ်ရာ၌ ပေါ့ပေါ့ဆဆ ကံရှိလျှင်အောင်မြင်မှာပဲဟူ၍ သဘောမထားဘဲ အောင်မြင်ရမည်ဟူသော စိတ်ကို ခိုင်စွာထားလျက် ထိုအကြံထဲမှာသာ စိတ်ကိုထား။ နည်းလမ်းရှိသမျှ ဖွေရှာနှိုက်ချွတ်လျှင် အောင်မြင်ဖို့ရန် နည်းလမ်းထွက်ပေါ်ရလေသည်။ အဘယ်မျှပင်ဉာဏ်ထိုင်းစေကာမူ စူးစိုက်စွာကြံလျှင် ပွင့်လင်း၍လာရလေသည်။

စူးစိုက်ခြင်းသည် စိတ်ပြားနှင့် ဗီလာဖြစ်လေသည်။ စိတ်ပြားခြင်း၊ ဝေးခြင်း၊ ပြန့်ခြင်း၊ ပြောင်းခြင်း ဖြစ်လေရာ တစ်စုံတစ်ရာမျှ မထိရောက်အရာမထင်၊ အထူးသဖြင့် ယင်းကဲ့သို့သော တစ်ခုကောင်း တစ်ဖက်သတ်ခေတ်မှာ သာ၍ပင်အကျိုးယုတ်လျက် အောက်ကျနောက်ကျဖြစ်ဖို့သာရှိလေသည်။

ထိုစူးစိုက်သောစိတ်သည် ညှို့ဓာတ်ဖြစ်၏။ တိရစ္ဆာန်များမှာလည်း ထိုညှို့ဓာတ်ရှိလေရာ စပါးကြီးမြွေများ၊ အစာကိုစောင့်သော ဖျိုင်း၊ ဒီးဒုတ်၊ ကြွက်ကိုစောင့်သော ကြောင်ကဲ့သို့ သတ္တဝါများမှာ ၎င်းတို့၏ခံတွင်းဝသို့ ရောက်ရလေသည်။

အောင်မည်၊ ရမည်၊ ဖြစ်မည်ဟူ၍ယုံကြည်ကာသို့လော သို့လောမတွေးတောဘဲ စူးစိုက်စွာထင်မြင်လျက် နည်းလမ်းရှိသလောက်လုပ်လျှင် ဖြစ်မြောက်ရမည်သာတည်း။ လူ၏တာဝန်သည်ကြံဖို့လုပ်ဖို့သာဖြစ်၏။ သို့လော သို့လောတွေးတောခြင်းသည် လူ၏တာဝန်မဟုတ်ဟု ပုံသေမှတ်ရမည်။

စူးစိုက်ခြင်းနှစ်မျိုး

စူးစိုက်ခြင်းဆိုသည်မှာ တစ်စုံတစ်ရာ၌ စိတ်ဝင်စားခြင်းကို ဆိုလိုသည်။ သို့သော်လည်း စိတ်ဝင်စားတိုင်း အကျိုးမရှိပေ။ အကျိုးယုတ်သော စိတ်ဝင်စားခြင်းမျိုးလည်းရှိသေးလေသည်။

သို့ဖြစ်သောကြောင့် စူးစိုက်ခြင်းမှာ နှစ်မျိုးရှိသည်ဟု ဆိုရပေမည်။ ၎င်းနှစ်မျိုးအနက် တစ်မျိုးမှာ စိတ်ကိုထိန်း၍ စူးစိုက်ခြင်း၊ တစ်မျိုးမှာ စိတ်ကို လွှတ်၍ စူးစိုက်ခြင်းဖြစ်လေသည်။

စိတ်ကိုလွှတ်၍ စူးစိုက်ခြင်းမှာ "ဝေးလံပါဝါ" ခေါ် စိတ်၏တန်ခိုးသတ္တိကို ဆုတ်ယုတ်စေသဖြင့် မကောင်းပေ။

စိတ်ကိုထိန်း၍ စူးစိုက်ခြင်းမှာ "ဝေးလံပါဝါ" ဆန္ဒတန်ခိုးကို တိုးတက်စေသဖြင့် အကျိုးရှိလေသည်။

ဥပမာ သမီးရည်းစား ချစ်ခင်သူနှစ်ယောက် တွေ့ကြုံပေါင်းသင်းရာ၌ စူးစိုက်ခြင်းသည် စိတ်ကို ထိန်းခြင်းမဟုတ်၊ လွှတ်၍ပေးခြင်းဖြစ်၏။

ဝတ္ထုတစ်ပုဒ်ကိုဖတ်ရာ ကောင်းခန်းကို စူးစိုက်ခြင်းသည် စိတ်ကိုထိန်းခြင်းမဟုတ်၊ လွှတ်၍ပေးခြင်းဖြစ်လေသည်။ လောင်းကစားသမား၊ ရုပ်ရှင်ကြည့်သူ စသည်တို့၏ စူးစိုက်ခြင်းမျိုးသည် ထိုကဲ့သို့ စူးစိုက်ခြင်းမျိုးဖြစ်ပေရာ အင်္ဂလိပ်ဘာသာစကားအရ (In Voluntary Concentration)ဟုခေါ်၏။ အဓိပ္ပာယ်မှာ အလိုအလျောက် စူးစိုက်ခြင်းဖြစ်လေသည်။

အကျိုးရှိသော စူးစိုက်ခြင်းမှာ စိတ်ကိုထိန်းရသော စူးစိုက်ခြင်းဖြစ်ရာ (Voluntary Concentration) ဟုခေါ်၏။

ၸင်းနည်းမှာ သမထနည်းဖြင့် စိတ်ကို တစ်နေရာတည်း၌ သွင်း၍ထားခြင်းဖြစ်လေသည်။

ၸင်းဒုတိယစူးစိုက်ခြင်းမှာလည်း နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးကား သေးငယ်သော အစကိုကလေး အတွင်း၌ စိတ်ကိုစူးစိုက်၍ထားပြီး ၎င်းအစက်ကလေးမှတစ်ပါး တစ်စုံတစ်ရာကို မတွေးမတောသောနည်းဖြစ်ရာ ထိုစူးစိုက်နည်းမှာ အိပ်မွေ့ချနည်း တစ်မျိုးဖြစ်လေသည်။

လောကကြီးပွားရေး၌ ထိုစူးစိုက်ခြင်းမျိုးလို၏။ ထိုထက်ကျယ်ဝန်းသော စူးစိုက်ခြင်းကို အသုံးပြုရ၏။ ဥပမာ- စာအုပ်တစ်အုပ်ပေါ်၌ရှိသော အစက်ကလေးတစ်စက်ကိုသာ စူးစိုက်၍ကြည့်ခြင်းဖြင့် စာအုပ်တစ်အုပ်လုံးကို ကြည့်ရှုမှတ်သားခြင်းမှာ စာအုပ်တစ်ခုလုံးက ပို၍ပို၍ကျယ်လေသည်။

ကြီးပွားအောင် လုပ်ကိုင်ကြံစည်ရာ၌ ဤဒုတိယ အကျယ်နည်းကို အသုံးပြုရလေသည်။

မိမိလုပ်သောအလုပ်၊ မိမိကြံသောအကြံ တစ်ခုလုံးအတွင်းမှာ စိတ်ကိုထားပြီး ထိုအလုပ် အပြင်ဘက်ကို စိတ်ကိုမထွက်စေဘဲ ထိုအလုပ်ထဲမှာသာ စိတ်ကိုထားခြင်းဖြစ်လေသည်။

သို့မှသာ ထိုအလုပ်၊ ထိုအကြံနှင့်ပတ်သက်၍ သိစရာ မှတ်စရာအဖြာဖြာတို့ကို မြင်နိုင်သိနိုင်လေသည်။

အကယ်၍ စက်ကြီးတစ်ခုလုံးကိုထိန်းရာ၌ ဝက်အူကလေးတစ်ခုကိုသာ ဂရုစိုက်နေလျှင် ဖြစ်နိုင်မည်မဟုတ်ပေ။ စက်တစ်ခုလုံးနှင့်ဆိုင်ရာ သိစရာ ဂရုစိုက်စရာဟူသမျှတို့ကို အကုန်အစင် သတိနှင့် ကြည့်ရှုမှတ်သားရလေသည်။ သို့မှသာ အမြင်ကျယ်လျက် စေ့စပ်နိုင်လေသည်။ ။

သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ ဘုရားပူးပြည်သူများဖြင့် စည်ကားများပြား



ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၄

ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင် ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်း စေတီတော် မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့် နေ့တွင် ဘုရားဖူးပြည်သူများ ဖြင့်စည်ကားများပြားလျက်ရှိသည်။ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာ ရောက်ကြသူများသည် မြတ်မော် တင်စွန်း စေတီတော်မြတ်ကြီး၌ အရာဏ်ဆွမ်းကပ်ခြင်း၊ ဥပုသ် သတင်းသီလ ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နဂါး စာကျွေးခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် ပင်လယ်ကမ်းခြေ၏ သဘာဝအလှများကို ကြည့်ရှုခံစားပြီး ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးအပန်းဖြေခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ခြင်း၊ ကျောက်ကလပ်သို့ သွားရောက်၍ အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကြခြင်းတို့ဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ လှိုင်မျိုးအောင်



မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ ဘုရားပူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ

ချမ်းမြသာစည် နိုဝင်ဘာ ၂၄

တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ ဘုရားဖူးလာပြည်သူများနှင့် တရားဘာဝနာပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာတရားများ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားထိုင်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ရေလှပ်ယပ်ခြင်းနှင့် ဇီဝိတဒါနအနေဖြင့် ငါးစာကျွေးခြင်း၊ ငှက်များအား သားမဲ့လွှတ်ပေးခြင်း စသည့် ကောင်းမှုကုသိုလ်များ ဆောင်ရွက်လျက်ရှိပြီး ဘုရားဖူးလာပြည်သူများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မဟာမုနိဘုရားကြီး ဂေါပက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အစီအစဉ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်း/စည်(ပြန်/ဆက်)

တန်ဆောင်မုန်းလပြည့်နေ့တွင် အိမ်မဲမြို့တည် သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရား၌ ဘုရားပူးပြည်သူများဖြင့် စည်ကား

အိမ်မဲ နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝပိုင်း(၁)လမ်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော အိမ်မဲမြို့တည် သမိုင်းဝင် ရှင်ပင်ချမ်းသာကြီး ရှပ်ရှင်တော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းမှစတင်၍ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါတန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ကြပြီး အေးချမ်းကြည်နူးစွာ ဘုရားဖူးကုသိုလ်ယူကြသည်။

ထို့ပြင် ဘုရားရှေ့ရှိ ကရဝိက်ဖောင်တော်ရင်ပြင်၌လည်း မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးတစ်ထောင် မီးမျှောပွဲကို ကျင်းပရာ ဘုရားဖူးပြည်သူများ ပါဝင်ဆင်နွှဲကြပြီး တန်ဆောင်မုန်းလပြည့်နေ့၏အလှကို ပိုမိုထင်ရှားစေခဲ့ကြောင်း သိရသည်။ ချစ်သက်လယ်(အိမ်မဲ)



အဖိုးတန်ရေချို၊ တန်ဖိုးထားထိန်းသိမ်းကြစေလို

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၄

တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာစေတီတော်၌ တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။

မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ စူဠာမုနိ လောကချမ်းသာစေတီတော်ကို လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီအတွင်း ရှိရုပ်ပွားတော်များကို မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ပြည်နယ် ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် အရာထမ်းဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)





ပူတာအိုမြို့ မဟာမြတ်မုနိဘုရားကြီး၌ မသိုးသင်္ကန်း ရက်လုပ်ပူဇော်

ပူတာအို နိုဝင်ဘာ ၂၄

ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မဟာမြတ်မုနိဘုရားကြီး၏ (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ကထိန်အလှူတော် မင်္ဂလာနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ရှေးဟောင်းသမိုင်းဝင် မဟာမုနိဘုရားကြီး၏ ပရိဝုဏ်၌ ကျင်းပသည်။

ဦးစွာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် တိုင်းခမ်းတီ ဗုဒ္ဓဘာသာဝင်များစုပေါင်းကာ စုပေါင်းမဟာဘုံကထိန်အလှူတော် ပဒေသာပင်များကို မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ပူဇော်ကြပြီး ညပိုင်းတွင် ရှေးဟောင်းသမိုင်းဝင် မဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ပန်းလှိုင်၊ မုဒုံ၊ လုံးစွတ်၊ ဟိုပိုင်ကျေးရွာများက ဦးဆောင်၍ ခမ်းတီလုန်ဒေသရှိ ဗုဒ္ဓဘာသာဝင်များစုပေါင်းကာ မသိုးသင်္ကန်းရက်လုပ်၍ ကထိန်အလှူတော် ဆက်ကပ်ပူဇော်ခြင်း၊ ရွှေဆိုင်းသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်များက မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဂန္ဓကုဋိကျောင်းဆောင်ကြီး ပြီးမြောက်နိုင်ရန် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာနှင့် ကျောင်းဆောင်ပြီးမြောက်နိုင်ရေးအတွက် ပါဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှုတံတမံးလွှာပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကျောက်ဆည်မြို့၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ကျောက်ဆည် နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အချိန်ထိ ချေးငွေ ၂၅၄ ဒသမ ၂၅ ကျပ်သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စု ရွှစ်အုပ်စုမှ တောင်သူ ၂၁၄ ဦး၏ ယာသီးနှံ ၁၀၁၇ ဧက အတွက် ချေးငွေ ၂၅၄ ဒသမ ၂၅ ကျပ်သန်း ထုတ်ချေးပေးပြီးကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ၅၂၅ ကျပ်သန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချို့အရင်းအမြစ်များကို ထိန်းသိမ်းစို့

ကလောမြို့နယ်၌ (၂၁)ကြိမ်မြောက် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ကျင်းပမည်

ကလော နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၏ (၂၁)ကြိမ်မြောက် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် လေ့ကျင့်သရုပ်ပြခြင်းကို နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် တာဝန်ရှိသူများက



မောမြေဦးပန်းခြံအနီး မီးရှော့တိုင်ကွင်းနေရာ၌ ပြုလုပ်သည်။

ထိုသို့လေ့ကျင့်သရုပ်ပြသခြင်းကို ခရိုင်၊ မြို့နယ် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ကလောမြို့နယ်ရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကြသည်။

ကလောမြို့(၂၁)ကြိမ်မြောက် ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မီးရှော့တိုင် ၂၄ တိုင်၊ မီးကြားစံအဖွဲ့ ၂၄ ဖွဲ့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံပွဲတော်အကြိုအဖြစ် ကလောမြို့မီးရှော့တိုင်ကွင်းတွင် နိုဝင်ဘာ ၂၄ ရက်(တန်ဆောင်မုန်းလပြည့်)ည နေ ၆ နာရီမှစ၍ တေးဂီတဖျော်ဖြေရေး အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ခုတိယဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၃ ရက်က တစ်အိမ်တက်ဆင်းသွားရောက်၍ အသိပညာပေး ဆောင်ရွက်ကြစဉ်။

ဖြိုးမမ(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန့်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။




အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်
⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။




ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ။
⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ။
⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ။
⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ။
⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ။
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

မြန်မာတိုင်းရင်းသားတို့သည် စကားပြောဆိုရာတွင် အဓိပ္ပာယ်ပိုမိုလေးနက်စေရန်နှင့် ဆိုလိုရင်းကို တိတိကျကျ နားလည်စေရန် စကားပုံ ဥပမာများနှင့် တင်စားပြောတတ်ကြသည်။ စကားပုံများတွင်လည်း မြန်မာစကားပုံ၊ တိုင်းရင်းသားစကားပုံ စသည်ဖြင့် အမြောက်အမြားရှိရာတွင် စာဖတ်သူများ သိရှိစိမ့်သောငှာ ဆရာကြီးလှသမိန်၏ မြန်မာစကားပုံအဓိပ္ပာယ်နှင့် သုံးနည်းစာအုပ်မှ ကောင်းနိုးရာရာများကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။ (စာတည်း)

မြန်မာစကားပုံအဓိပ္ပာယ်များ

ကရိုးမကဘဲ ဆန်းကၠ နှပ်ပစ်ခံရသည်၊ ကရဏီယနှင့် ဆွမ်းစား အံသွားဗထက်ချိုက်လိုက်ပြီ

လှသမိန်

ကရိုးမကဘဲ ဆန်းကၠ နှပ်ပစ်ခံရသည်

ဇာတ်ခုံပေါ်တွင် ကရိုးကစဉ် နေရာအဝန်း အဝိုင်းအဝွင်း ကရမည်ဖြစ်လျက် ဇာတ်ခုံအစွန်းရောက်အောင် ပြေးလွှားခုန်ပျံကသဖြင့် ဇာတ်ခုံအစွန်ဘက်သို့ တစ်စုံတစ်ယောက်က နှပ်ညှစ်၍ ပက်ပစ်သည်နှင့်မလွတ်ဘဲ စွန်းပေခံရသည်ဟု ဆိုလိုသည်။

လုပ်ရိုးလုပ်စဉ်အတိုင်း ပြုလုပ်ခြင်းသည် လမ်းရိုးလမ်းဟောင်းဖြစ်၍ အောင်မြင်ပြီးမြောက်မှု အတွက် သေချာပြီးဖြစ်သည်။ သို့ရာတွင် ကွန့်ဆန်း၍ တစ်မျိုးတစ်ဖုံ အသစ်ထွင်ပြုလုပ်သောအခါ အတွေ့အကြုံမရှိသေးဘဲ စမ်းသပ်ရသည်ဖြစ်၍ အောင်မြင်မှုအတွက် မသေမချာဘဲ ဆုံးရှုံးနစ်နာမှု လည်းရှိတတ်သည်။ အသစ်တီထွင်မှုတွင် စွန့်စားမှု ရှိမြဲဖြစ်သည်။ ထိုသို့ရှိရာတွင် အဆန်းတီထွင် ကွန့်ထွက်မိ၍ ထိခိုက်နစ်နာမှုရှိသောအခါ လုပ်ရိုးလုပ်စဉ်မှ ကွန့်ထွက်၍သာ ထိခိုက်နစ်နာရသည်ဟု ယူဆလျက် ကရိုးကစဉ်နေရာက လွတ်အောင် ဆန်း၍ ကသဖြင့် နှပ်အပစ်ခံရသည်နှင့် ခိုင်းနှိုင်းဆိုသည်။

စကားပုံများသည် အယူအဆနှစ်ဖက်လုံး အတွက် ရှိမြဲဖြစ်၍ လိုရာဘက်၌ခွဲ၍ သုံးစွဲကြသည်။ စကားပုံရှိတိုင်း သဘောသဘာဝတ္ထာသည် တထစ်ချ အမှန်ဇကနိဟု၍ မယူဆသာပေ။ နှစ်ဖက်အစွန်း အားဖြင့် အလျဉ်းသင့်ရာပုံပမာနှိုင်းကြသည်ဟုသာ မှတ်ယူရန်ရှိသည်။ ပျက်အစဉ်ပြင်ခဏဟူသော စကားပုံ၊ဒီလိုနေ ဒီလိုသေရမည်ဟူသော စကားပုံမျိုး လည်းရှိသည်။

(နီးစပ်သောစကားပုံများ)

သေချင်တဲ့ကျား၊ တောပြောင်း၊
ပြင်လွန်းတော့ဖင်ချွန်း။

ကရဏီယနှင့် ဆွမ်းစား အံသွားဗထက်ချိုက်လိုက်ပြီ

"လက်ရှိအတိုင်းနေလာသည်မှာကြာပြီ၊ အထူးအထွေ အားထုတ်ဖွယ်မရှိ"ဟု ဆိုလိုသည်။ "မိမိနည်းနှင့်မိမိ အောင်မြင်မှုအတွေ့အကြုံများလှပြီ။ အခြားနည်းရှာကြံ လက်ခံဖွယ်မရှိ"ဟူ၍လည်း ဆိုလိုရာရောက်သည်။ ဤစကားမှာ ဆင့်ကဲတိုးတက်မှုကိုမရာလိုဘဲ လက်ရှိနည်းဟောင်းနှင့် တင်းတိမ်တတ်သူများနှင့် လက်ရှိနည်းမှတစ်ပါး အခြားနည်းကို မရှာကြံလိုသူများသာသုံးစွဲသော စကားမျိုးဖြစ်သည်။ မိမိလုပ်နည်းလုပ်ဟန်အရ အထိုက်အတန် အောင်မြင်မှုနှင့်ပင် အတွေ့အကြုံရှိလှပြီဟု အထင်ရောက်တတ်သူများ သုံးစွဲတတ်ကြသည်။

ဤစကားပုံဖြစ်ပေါ်လာပုံမှာ ဤသို့တည်း။

တစ်ခါသော် ရဟန်းကြီးတစ်ပါးကို ဒါယကာတစ်ဦးက "ဦးပဉ္စင်းကြီး စာပေပို့ဆက်တက် ဆက်လက်သင်ကြားဖို့ ကောင်းတယ်၊ ဒါမှ ကြည်ညိုကိုးကွယ်သူပေါ်ပြီး ဆွမ်းမရှား ကွမ်းမရှားရှိလိမ့်မယ်"ဟု တိုက်တွန်းသောအခါ ရဟန်းကြီးက "ဒကာကြီး၊ ကျုပ်အသက်လည်းကြီးပါပြီ၊ ပို့ဆက်တတ်မှသာ ဆွမ်းကွမ်းပေါတယ်ရယ်လို့တော့ မပြောပါနဲ့၊ ကျုပ်-ကရဏီယနဲ့ ဆွမ်းစားလာတာပဲ အံသွားတွေတောင် ဗထက်ချိုက်လိုက်နေပြီ"ဟု ပြန်ပြောလိုက်လေသည်။

"ကရဏီယ"ဟူသည်မှာ မေတ္တာသုတ်ပရိတ်တတိယပိုဒ်၌ "ကရဏီယမတ္ထကုသလေန၊ ယန္တံသန္တံ ပဒံ အဘိသမေစ္စ"စသည်ဖြင့် ပါရိသည်ကိုရည်၍ ဆွမ်းကျွေးပင့်သောအခါ ဆွမ်းလှုအိမ်၌ မေတ္တာသုတ် ပရိတ်ရွတ်လေ့ရှိသည်ကို ဖော်ပြလိုရင်းဖြစ်သည်။ အံသွား ဗထက်ချိုက်လိုက်နေပြီဆိုသည်မှာ ဆွမ်းစားရပေါင်းများလှသဖြင့် အံသွားမျက်နှာပြင် ပင်လျှင် ပွန်းပဲ့တိုက်စားဖန်များသောကြောင့် ဗထက်ဩိုက်အကျွတ်ကဲ့သို့ ချိုင့်နေပြီဟူ၍ ဆိုလိုရင်းဖြစ်သည်။



မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

မြဝတီ နိုဝင်ဘာ ၂၄

ကရင်ပြည်နယ် မြဝတီမြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလ)အခါတော်နေ့တွင် မသိုးသင်္ကန်းလှူဒါန်းပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေမြင်းဝန်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့ဟိတကာရီဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ဓဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မှဒိတာလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများက မသိုးသင်္ကန်းပင့်ဆောင်၍ ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်ပူဇော်ကာ စေတီတော်လုံးပတ်တွင် ကပ်လှူပူဇော်ခဲ့ကြသည်။

အဆိုပါ မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲသို့ တက်ရောက်လာခဲ့ကြသည့် ဧည့်ပရိသတ်များအား မုန့်ဟင်းခါးစတုဒိသာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

ကော့သောင်းမြို့၌ (၅၄)ကြိမ်မြောက် နှစ်ကျပ်ရှစ်ဆူဗုဒ္ဓပူဇနီယဘုရားပွဲတော် ကျင်းပ



ကော့သောင်း နိုဝင်ဘာ ၂၄

ကော့သောင်းမြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ (၅၄)ကြိမ်မြောက် နှစ်ကျပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယဘုရားပွဲတော် ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းမှစ၍ စုရုပ်ဖြစ်သည့် (၇)မိုင်ကျေးရွာမှ စတင်ကာ ကော့သောင်းမြို့တွင်းသို့ လှည့်လည်အပူဇော်ခဲ့သည်။

တန်ဆောင်မုန်းလဆန်းပိုင်းမှစတင်၍ စံကျောင်းတော်ဖြစ်သည့် ကော့သောင်းမြို့ ပြည်တော်အေး သာသနာ့ဗိမာန်တော်မှ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၊ အသင်းအဖွဲ့များ ပွဲတဉ်အလိုက် မဲစနစ်ဖြင့် ပင့်ဆောင်ကြကာ မိမိတို့ ရပ်ကွက်/ကျေးရွာများတွင် သီတင်းနှစ်ပတ်မျှ ယာယီကိန်းဝပ် စံပယ်အပူဇော်ခံပြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဆင်ယင်ကျင်းပကြသည်။

ထို့နောက် တန်ဆောင်မုန်းလပြည့်ညတွင် မင်္ဂလာစည်တော်၊ ဥပါသကာအဖွဲ့များဖြင့် ပွင့်စဉ်အလိုက်စီတန်းကာ မြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံကြရာ ရပ်ကွက်အလိုက် ပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းခြင်း၊ စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းကျွေးမွေး လှူဒါန်းခြင်းများဖြင့် တစ်မြို့လုံး စည်ကားလှုက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နောင်ချိုမြို့ သံသရာအေးစေတီတော်တွင် ဗုဒ္ဓပူဇနီယပွဲတော်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



နောင်ချို နိုဝင်ဘာ ၂၄

ဆရာတော်၊ သံဃာတော်များအား အစဉ်အလာမယူက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ သံသရာအေးစေတီတော်၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က သံသရာအေးစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဓာတင်ပူဇော်ခဲ့ကြသည်။ ထို့နောက် ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မအလှူငွေများကို နောင်ချိုမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များအား သင်္ဃါတရားထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မွန်တိုင်းရင်းသားများ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၄

မွန်တိုင်းရင်းသားများသည် ဆယ့်နှစ်လ ရာသီပွဲတော်များအနက် တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီးထွန်းညှိကြသည့်ဓလေ့ကို ယနေ့တိုင်ကျင်းပလျက်ရှိရာ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ပုံပိုးမှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် မွန်စာပေယဉ်ကျေးမှုကော်မတီ(ရန်ကုန်)တို့ ပူးပေါင်း၍ ရွှေတိဂုံစေတီတော်၌ မွန်လူငယ်မောင်မယ်များက စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်ကြသည်။

လှည့်လည်ပူဇော်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးမှ မွန်ရပ်မိရပ်ဖ၊ လူငယ်မောင်မယ် ၂၅၀ ခန့်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်ဝတ်လှည့်လည်ပူဇော်ကြပြီး အရှေ့မြောက်ထောင့်၌ ဆီမီးထွန်းညှိပူဇော်ကြကြောင်း သိရသည်။

မျိုးမင်းသူရ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့ အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ဖြိုဖျက်ပြီးစီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅)ထပ် အဆောက်အအုံအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။



အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေစဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ-ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

မြန်မာ့အသံနှင့်ခွဲခြမ်းသံကြား

၂၅-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုဆောင်နှင့် နိုင်ငံတော် သံယမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်တတ်ပုံတော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ သဒ္ဓါတရား၊ကုသိုလ်တရားနှင့် ပွဲတော်အလှူတရားတို့ဆုံးထည်ရာ မာလိုဝေဟန်ဆောင်တိုင်
၀၉:၁၀ လူမှုဇီဝဗေဒပွဲဦးထုတ်ဝေခန်း သမဖါယတုတ်ကုန်များ ကောင်းချီးပေး
၁၀:၃၅ နိုင်ငံတော်သမ္မတနှစ်ဆုံးဒုတိယအကြိမ် သတင်းဓာတ်ပုံရေးဆွဲပြိုင်ပွဲ (အပိုင်း-၁)
၁၃:၀၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၃:၀၅ ကမ္ဘာ့အလှပဆာဒီဇာ
၁၃:၃၀ MRTV National News
၁၄:၀၀ Weekly Soccer Prview
၁၆:၃၀ မျိုးဆက်တင်းဝေဆိုကဇရတီးအပေါ့
၁၈:၁၅ ဝေဠုသိင်္ဂီဆည်ပန်းတိုင်ဆီ
၁၈:၃၅ NEXT LEVEL
၁၈:၄၅ သံဃဉ်ဝတ္ထုဓာတ်ရိုးပြိုတေးကဏ္ဍာ
၁၉:၁၅ နိုင်ငံခြားဓာတ်လမ်းတွဲ **'စံအိမ်ဝတ်ဟိ'** (အပိုင်း-၉၀)
၂၀:၀၀ မြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေသအခြေအနေ
၂၁:၀၀ သံဃဉ်မြတ်မြန်မာတေးအလှ
၂၁:၂၅ (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုကလေးတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) **'ဝိဓုရဇာတ်တော်ကြီး'** (ထထဆု)(သဘင်မာန်ဟုန် ဌေးနိုးကုန်းအဖွဲ့)(ရန်ကုန်)(ဒုတိယပိုင်း)

mitv

07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar
07:09 The Art of Sand Painting
07:19 The Caves
08:37 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
08:26 May Fragrance of Flower Last Forever (SEAVFC Kyaw Hninn Si)
08:39 Commercial Farming to GDP Growth, Eugenia Grower
09:01 Tour Around in Myeik Archipelago
09:32 Discovering Tribes: Mon (Their Life and Customs) (Part-1)
09:54 Local Talents Show (5)

Me

၀၆:၁၀ အပွင့်၊ ဓမ္မပုဒေတးသီချင်းများ
၀၆:၃၀ ဂၢတ္တန်း- **'ချစ်စရာသိုးမီးသားစု'** (အပိုင်း-၂၆)
၀၆:၄၅ မြန်မာဓာတ်လမ်းတွဲ **'အငုတန်ဦး'** (အပိုင်း-၄)
၀၇:၅၀ လတိုသီချင်းများ
၀၈:၅၀ Bollywood Hit Song (52)
၀၉:၁၀ **ပဟာစုဒ္ဓဝင်ဖွားတော်မွေးနှုန်း-ဇာတ်တော်ကြီး** (ထထပိုင်း)
၁၀:၃၅ **ပဟာစုဒ္ဓဝင်ဖွားတော်မွေးနှုန်း-ဇာတ်တော်ကြီး** (ဒုတိယပိုင်း)

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ပြိုင်ပါလိုက်သားမိုးဗုတ်
ချင်း (ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)
ကချင်ပြည်နယ်နှင့် ကချင်လူမျိုးအကြောင်း
မွန် (၀၈:၀၀ မှ ၁၀:၀၀)
နိုင်ငံရေးဘာကိုနှိုးပြုမှုမြို့ဆည်းပင်ဆားဆုတ်လုပ်မှု
ရခိုင် (၁၀:၀၀ မှ ၁၁:၀၀)
မြန်မာပြည်တစ်လွှားလျှောထီအာထီလိုင်ဟင်းလျာများ (အပိုင်း-၁)
ဂွမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပင်လောင်းမြစ်ကူး
၀ (၁၃:၀၀ မှ ၁၆:၀၀)
ဟင်းနွယ်နှင့်ကျန်းမာရေး
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ကချင်ဒေသိကံလုပ်စားကြမယ်
ကမား (၁၈:၀၀ မှ ၂၀:၀၀)
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲတာ ခရစ်ယာယာရိုးရာအိမ်ကလေး
ဓနကကရင် (၂၀:၀၀ မှ ၂၂:၀၀)
ထွန်းတောက်လာသောကြယ်တစ်ပွင့် (ထထမဦးဆုံးအမျိုးသမီးလေယာဉ်မှူး)
ဘန္ဒာဂါမိုးကရင် (၂၂:၀၀ မှ ၂၂:၀၀)
ကရင်တပေတကားပြကြရအောင် (အပိုင်း-၂၂)
ဘရွှေပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ခံတွင်မြိန်ငံစပယ်ငေါ်လေးရဲ့လက်ရာ

MRTV NEWS

၀၆:၀၀ အပွင့်၊ တေးသီချင်း
၀၆:၀၅ လူမှုရပ်ရွာများအားကစား
၁၁:၀၀ မြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
၁၇:၄၅ နေ့ရည်ဆန်းသစ်အိမ့်ဒေတာ် (Razor)
၂၀:၀၀ မြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၄၅ Festivals Around The World
၂၁:၀၀ မြည်တွင်းသတင်း (LIVE)

MRTV ENTERTAINMENT

၀၇:၀၀ အပွင့်၊ အလံ
၀၇:၃၀ တတိယအကြိမ်အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး (Replay)
၂၀:၀၀ မြည်တွင်းသတင်း (၂၅-၁၁-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အပွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ နိုင်ငံရေးပြန်မာအိုတာဂ်ဝန်းMSME လုပ်ငန်းများအားပေးမြှင့်တင်ဆောင်ရွက်ပေး
၀၈:၀၅ ရေရည်တည်ပုံပိုင်းသော ဝိုက်ဖျိုးရေးနှစ်သို့ **'ဟယာဖြို့ခြ'** (အပိုင်း-၁၂)

MRTV SPORTS

၀၆:၀၀ အပွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြကြယ်
၀၆:၄၅ Sports Diary
၀၇:၃၀ Weekly MNL Review
၀၈:၄၅ 33rd SEA Games (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ (Replay) (မြန်မာနှင့်မလေးများ)
၁၀:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel



၁ ရေကို ကြိုတင်စီမံပါ

- တိရစ္ဆာန်အလိုက် နေ့စဉ်ရေလိုအပ်ချက်တွက်ချက်ပါ။
- အရေးပေါ်သုံးရေကို အနည်းဆုံး ၇ရက်စာသိုလှောင်ပါ။
- ရေတွင်း၊ ရေကန်၊ ဆည်၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များကို စစ်ဆေးပါ။
- ရေစုပ်စက်၊ ပိုက်လိုင်း၊ ရေတိုင်ကီနှင့် အရန်လျှပ်စစ်စနစ်များကို ကြိုတင်ပြင်ဆင်ပါ။
- မြို့နယ်အလိုက် ရေအရင်းအမြစ်ရရှိမည့်မြေပုံ ရေးဆွဲထားပါ။





၂ အစာကို ကြိုတင်သိုလှောင်ပါ

- ဒေသနှင့်ကိုက်ညီသော အစာစိမ်းပင်များကို ကြိုတင်စိုက်ပျိုးပါ။
- မြက်ခြောက်နှင့် မြက်/ပြောင်းချဉ်ဖတ်ပြုလုပ် သိုလှောင်ပါ။
- အစာကြမ်း ၃ လစာ အရန်စီမံထားရှိပါ။
- ပြောင်း၊ ဆန်ဖွဲ၊ ပဲဖတ်နှင့် ဆီကြိတ်ဖတ် အပါအဝင် အစာကုန်ကြမ်းများကို ကြိုတင်စုဆည်းပါ။
- အစာများကို မို့ဆိပ်၊ ခဲဆိပ်အန္တရာယ် မရှိအောင် ကာကွယ်ပါ။





၃ ရောဂါကိုကြိုတင်ကာကွယ်ပါ

- လိုအပ်သောကာကွယ်ဆေးများကိုကြိုတင်ထိုးနှံပါ။
- မွေးမြူရေးခြံအဝင်/အထွက်ထိန်းချုပ်ခြင်းနှင့် ဇီဝလုံခြုံမှုကို စနစ်တကျဆောင်ရွက်ပါ။
- ကာကွယ်ဆေးသိုလှောင်မှု (Cold Chain အပါအဝင်) ကို စနစ်တကျဆောင်ရွက်ပါ။
- ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းပျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ဆိတ်ပလိပ်ရောဂါများကို ကာကွယ်ပါ။
- သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။





၄ အပူဒဏ်မှ ကာကွယ်ပါ

- အရိပ်၊ လေဝင်လေထွက်ကောင်းမွန်မှုနှင့် သန့်ရှင်းသော သောက်ရေကို စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်သည့်နေရာများတွင် ပန်ကာနှင့် အအေးပေးစနစ်များ တပ်ဆင်ပါ။
- အပူချိန်မြင့်မားချိန်တွင် တိရစ္ဆာန်များအား ခိုင်းစေခြင်း၊ လွတ်ကျောင်းခြင်းနှင့် သယ်ယူခြင်း မပြုရ။
- အစာကို နံနက်စောစောနှင့် ညနေပိုင်းတွင် ကျွေးပါ။
- တိရစ္ဆာန်များကို လုံလောက်သော အကျယ်အဝန်းတွင် ထားရှိပါ။





၅ အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားပါ

- မီးစက်၊ ရေစုပ်စက်နှင့် ပန်ကာများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြို့နယ်အလိုက် တိရစ္ဆာန်အရေအတွက်၊ ရေအရင်းအမြစ်၊ အစာအရင်းအမြစ်နှင့် အန္တရာယ်ရှိသော ဒဏ်များကို စာရင်းပြုစုပါ။
- အပူချိန်၊ စိုထိုင်းဆ၊ အစာစားနှုန်း၊ ထုတ်လုပ်မှုနှင့် သေဆုံးမှုများကို နေ့စဉ်စောင့်ကြည့်ပါ။
- ရောဂါသံသယရှိပါက သတင်းပို့ခြင်း၊ စစ်ဆေးခြင်း၊ နမူနာရယူခြင်း၊ စစ်ဆေးဖိုင်ရန် ဓာတ်ခွဲခန်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားပါ။





"ရေရှိမှ မွေးမြူနိုင်မည်။ အစာရှိမှ ထုတ်လုပ်နိုင်မည်။ ကြိုတင်ပြင်ဆင်မှ ဆုံးရှုံးမှုလျော့နည်းမည်"

တန်ဆောင်မုန်းလပြည့်နေ့၌ ဆွမ်းဆန်စိမ်းလောင်လှူပွဲ၊ နိဗ္ဗာန်ဈေးပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

တာချီလိတ် နိဝင်ဘာ ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြို့နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ၊ ဈေးကော်မတီဝင်များနှင့် ဒေသခံအလှူရှင်များက စုပေါင်းမဟာဘုံကထိန်ပွဲကို ဝမ်ကောင်းရပ်ကွက်ရှိ တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်နှင့် တာလေမြို့ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းပါဝင်သည့် မဟာဘုံကထိန်လှူဒါန်းပွဲကို ရပ်ကွက်(၂)ရှိ ဒက္ခိဏာရာမတပ်ဦးကျောင်းတွင် ယနေ့ကျင်းပသည်။



ထို့ပြင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ နံနက်ပိုင်းတွင် လွတ်တော်ကိုယ်စားလှယ်များ၊ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗြိုမိမြို့ဖများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံအလှူရှင်များက စုပေါင်း၍ ဆရာတော်၊ သံဃာတော် ၁၀၈ ပါး နှင့် သီလရှင် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူကြသည်။

ထို့နောက် ညနေ ၆ နာရီခွဲတွင် ဖယောင်းတိုင်မီး ထွန်းညှိပူဇော်ဖွင့်လှစ်ကာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပရဟိတလုပ်ငန်းရေး အသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက စုပေါင်း၍ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ဆီမီးခုံများ၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ဆက်ကပ် လှူဒါန်းကြပြီး မီးပုံးပျံအလုံး ၅၀၀ ကို စုပေါင်းလွှတ်တင်ပူဇော်ကြသည်။

တာချီလိတ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများနှင့် ရွှေတိဂုံစေတီတော်ရင်ပြင်တို့တွင် ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ၊ ဆီမီးတို့ ကပ်လှူပူဇော်ခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်းနှင့် ဘုရားဖူးဧည့်သည်များအား စုပေါင်းစတုဒိသာ လှူဒါန်း၍ ခေါက်ဆွဲကြော်၊ ရှမ်းခေါက်ဆွဲ၊ ရေခဲမုန့်၊ အချိုရည်များ ကျွေးမွေးဧည့်ခံခြင်း စသည့်ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

Extraordinary FIFA Congress 2026 သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်



ရန်ကုန် နိဝင်ဘာ ၂၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြီးမှူးကျင်းပသည့် Extraordinary FIFA Congress 2026 ကို နိဝင်ဘာ ၂၃ ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် အွန်လိုင်းစနစ်ဖြင့် ပြုလုပ်ရာ ဖီဖာ CSR ကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်သည်။

Extraordinary FIFA Congress 2026 သို့ ဖီဖာအဖွဲ့ဝင် ဘောလုံးအဖွဲ့ချုပ် စုစုပေါင်း ၂၁၁ နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ယင်းကွန်ဂရက်တွင် ဖီဖာ ဥက္ကဋ္ဌ ဂျီယာနီ အင်ဖန်တီနိုက ညီလာခံအတွင်း အဖွင့်မိန့်ခွန်း ပြောကြားခြင်းနှင့် နိဂုံးချုပ်အမှာ စကားပြောကြားသည်။

ညီလာခံ၏ အဓိကအစီအစဉ် အဖြစ် ၂၀၃၁ ခုနှစ် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ (FIFA Women's World Cup 2031) နှင့် ၂၀၃၅ ခုနှစ် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ (FIFA Women's World Cup 2035) နောက်ဆုံးအဆင့် ပြိုင်ပွဲများအတွက် အိမ်ရှင်နိုင်ငံများ ရွေးချယ်အတည်ပြုခြင်း ကိစ္စရပ်များကို ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းဝင်ဆုံးဖြတ်ချက် တစ်ရပ်အနေဖြင့် ညီလာခံမှ ပူးတွဲအိမ်ရှင်လျှောက်ထားမှုများကို ကန့်ကွက်သူမရှိ တညီတညွတ်တည်း အတည်ပြုပေးခဲ့ရာ ၂၀၃၁ ခုနှစ် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို မြောက်အမေရိကနှင့် ကာရေဘီယံဒေသရှိ မက္ကဆီကို၊ အမေရိကန်၊ ဂျမေကာနှင့် ကော်စတာရီကာ လေးနိုင်ငံက ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီး ၂၀၃၅ ခုနှစ် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ဥရောပတိုက်ရှိ ယူနိုက်တက်ကင်းဒမ်း(UK) နိုင်ငံများဖြစ်သော အင်္ဂလန်၊ စကော့တလန်၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် အသီးသီး ရရှိခဲ့သည်။

ထို့ပြင် လာမည့် (၇၇)ကြိမ်မြောက် ဖီဖာညီလာခံကို ၂၀၂၇ ခုနှစ် မတ် ၁၈ ရက်တွင် မော်ရိုကို နိုင်ငံ ရာဘတ်မြို့၌ ကျင်းပမည့် အစီအစဉ်ကိုလည်း ညီလာခံအတွင်း ထည့်သွင်းအသိပေးခဲ့သည်။

ရွှင်းထက်ဇော်၊ ဓာတ်ပုံ - MFF

ညောင်လေးပင်မြို့၌ မဟာတိလောကသဃ္မာကျောက်တော်ကြီးဘုရား ကျောင်းဝင်းအတွင်း၌ ဆီမီး ၅၀၀၀၊ မီးပုံးပျံ ၃၀၀ လွှတ်တင်ပူဇော်ပွဲကျင်းပ



ညောင်လေးပင် နိဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဆီမီး ၅၀၀၀၊ မီးပုံးပျံ ၃၀၀ လွှတ်တင်ပူဇော်ပွဲအခမ်းအနားကို ယနေ့ည ၇ နာရီမှစတင်၍ ညောင်လေးပင်မြို့ မဟာတိလောကသဃ္မာကျောက်တော်ကြီးဘုရား ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့ဝိမြို့ဖများ၊ အလှူရှင်နှင့် ဘုရားကြီးဂေါပကအဖွဲ့များက ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညောင်လေးပင်မြို့ မဟာတိလောကသဃ္မာကျောက်တော်ကြီးဘုရား ကျောင်းဝင်းအတွင်း ထိုင်တော်မူဘုရားကြီးရှေ့၌ မီးပုံးပျံအလုံး ၃၀၀ ကို တာဝန်ရှိသူများနှင့် လုပ်သားပြည်သူများ လွှတ်တင်ပူဇော်ခဲ့ကြောင်း သိရသည်။

၂၁၄







မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၆)လမ်း၊ အမှတ်(၃၄၇)၊ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ် တိုက်၏ ပဥမထပ်(၆-လွှာ) (တိုက်မျက်နှာမူလွှင်လက်ဝဲဘက်ခြမ်း)၊ အကျယ် အဝန်း(၁၂.၅၀လေးဂဝေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တင်ဆင်ထားသော ပစ္စည်းအားလုံး နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှပ်အရင်းတစ်စုံတစ်ရာမျှမရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ယုယလွင် [၁၂/ဗဟန(နိုင်)၀၉၆၁၂၈] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူဒေါ်သူဇာစံ(၅)ရုံးဘန့်(နိုင်)၁၃၃၁၂၈၉၆)သည် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ကျွန်ုပ်ထံသာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူသူစံ၏ လွှဲဆပ်ညွှန်ကြားချက်အရ-
ဒေါ်ယုဇနဆောင် (LL.B,D.B.L,D.I.L)
အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)
အမှတ်(၁၈၁) ဝိဇောကံဖြိုင်လမ်း၊ ရွာအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၀၆၂၈၆၉၊ ၀၉-၄၅၅၅၅၅၅၅

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	၃၅၂/ဗမ/CE	လှပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း(၁၀) မျိုး ဝယ်ယူရန်
၂	၃၅၃/ဗမ/CE	ကျောက်မှုန့် (၃၀၃၆) ကျပ်းအား အောက်ပါ ဘူတာတွဲပေါ် အရောက် ဝယ်ယူရန်။ (သိမ်ဖရပ်= ၁၀၀၀ ကျင်း၊ မှုပွလင်= ၂၀၃၆ ကျင်း)

တင်ဒါဝိတ်မည့်နေ့/အချိန် - (၉.၁၂.၂၀၂၆) နေ့လည် (၂:၃၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၂၅.၁၁.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ငှင်းဌာနသို့ မေးမြန်းနိုင်ပါသည်-
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်ဖြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ Malikha Condominium,အမည်ရှိ Tower-D၊ Level-7th Unit Type(D6)၊ အခန်းအမှတ်(07-06)၊ဧရိယာအကျယ်အဝန်း(၁၂၃၆)စတုရန်းပေ ရှိကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ကားပါကင်တစ်ခန်းစာအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ တွယ်ကပ် ထက်စပ်လျက်ရှိသော ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်ယုဇနမာလာ (၁၂/ဗဟန(နိုင်)၀၈၃၄၄၅၅၅)အပေါ်တွင် ရွှေတောင်ခွဲမြို့ဆိုးထက်မှ ကုမ္ပဏီ၀ယ်ဒီတက်တွင် အပေါ်ပေါက်မှတ်သားတည်ရှိပြီး ဒီမိတ်ဒီဇိုဆောင်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ လွှဲပြောင်းအရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းခန့်ခံကတိပြုဆဲ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်း ချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြု လုပ်သော တန်ဖိုးငွေတစ်ဒီမိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကန့်ကွက်ပိုင်ခွင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခြေခြင်ဆောင် (LL.B) **ဒေါ်ကေဘေဘြိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) အထက်တန်းရှေ့နေ (စဉ်-၅၁၃၄၄)
အမှတ်(၁၄၀)၊ ဓမ္မိသိရိုလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၄၄၊ ၀၉-၄၂၆၈၅၆၆၆

အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေး ကြော်ငြာ

၁။ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှဈေးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဆိုင်ကယ်အပိုပစ္စည်း၊ ကားအပိုပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင် စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသဖြင့် အများပြည်သူ (မြန်မာနိုင်ငံသား)များ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၁-၁၂-၂၀၂၆ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ
(ခ) နေရာ - မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှုရုံး၊ ကျွဲဆည်ကန် (၁) လမ်းထိပ်၊ ၇ရ လမ်းပေါ်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
(ဂ) ပစ္စည်းအမျိုးအမည် - ဆိုင်ကယ်အပိုပစ္စည်းကားအပိုပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းများ
(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်း စာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ၂၆-၁၁-၂၀၂၆ရက်နေ့မှ ၂၇-၁၁-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(င) ပစ္စည်းကြည့်ရှုခြင်းနှင့် အာမခံစေပေါင်းပေးသွင်းခြင်း - လေလံပုံစံဝယ်ယူသူများသည် ပူးတွဲပါရှိသည့် ပစ္စည်းစာရင်းဖြင့်ကြည့်ရှု၍ လေလံစည်းကမ်းချက်ပါအတိုင်း အာမခံ ဓေါင်ငွေအား P.O Cheque ဖြင့် ၂၇-၁၁-၂၀၂၆ ရက်နေ့နှင့် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။

၂။ အသေးစိတ် အချက်အလက် သိရှိလိုသူများသည် မန္တလေးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှုရုံး၊ ကျွဲဆည်ကန်(၁)လမ်းထိပ်၊ ၇ရလမ်းပေါ်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၈၊ U9)၊ ဘုရင့်နောင်လမ်း၊ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ(ဒုတိယအဆင့်)၊ တိုက်အမှတ်(AA-5)၊ (ခ)ထပ်၊ (၇)လွှာ၊ အခန်းအမှတ်(ခဝ၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၆၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော ရေမိုးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူဦးစည်သူမြင့် [၁၂/ရကန(နိုင်)၀၆၅၀၉၂]မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိကျူလိုင် [၉/ခမစ(နိုင်)၀၄၃၃၂]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝတ်ရည်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၄၉၉)
အမှတ် (၉၀ဂ)၊ စီနီယေသာလမ်း၊ (၉) ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ 09-262479965

"ကန့်ကွက်နိုင်ပါသည်"

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ ၎ဝါလမ်း၊ အမှတ် (၇၁၅)၊ ခေါ်ကြည်လှ အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀) အနက်မှ ထောင့်ကွက်ဖြစ်သော (ပါမစ်မိတ္တူခြမ်း)၊ မြေအကျယ်ပေ(၂၀x၆၀) ရှိ မြေကွက်အကျိုးခံစားခွင့်တို့ကို ဦးသန်းဌေး [၁၂/ဥကမ(နိုင်)၀၂၄၅၅၉၈] မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ မည်သည့်အရပ်အရင်းတစ်စုံတစ်ရာမျှမရှိပါ ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပါသဖြင့် ဒေါ်မြတ်မွန်စိုး [၇/ဝမန (နိုင်)၀၆၅၄၄၄]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်း မူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြတ်မွန်စိုး၏ ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေနိုင် (ခ) ဒေါ်မြဲမြဲဌေး (H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)
ဖုန်း - ၀၉-၅၄၀၇၂၉

"အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ရပ်ရိပ်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်း အရှေ့ရပ်ကွက်၊ ဘုရားနီ(၁၀)လမ်း၊ အမှတ်(၃၆၆)တွင် နေထိုင်သူ ဦးကျော်လှအေးမှ လွှဲအပ်ညွှန်ကြားသည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လှအေး (၁၇) ဦးကြည်အေး[၁၄/ဘကလ(နိုင်)၂၂၇၇၂၂]နှင့် ဒေါ်မြသီတာ (၁၅) ဦးကိုကိုလွင် [၁၂/ကမတ(နိုင်) ၀၇၉၃၀၆]တို့သည် ၂၀၁၅ ခုနှစ်ကမှ စတင်၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး မယ့်နှယ့်ပွင့်ဖြူ၊ မချွန်းလွဲဖြူတူသည့် သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်မြသီတာသည် (၁၈-၁၁-၂၀၂၆)ရက်နေ့တွင် ၎င်း၏သဘောဆန္ဒအရ သမီး(၂)ဦးအား ဒေါ်ဆောင်ကာ နေအိမ်မှဆင်းသွားခဲ့ပါသည်။ ယခုအခါ (၂၃-၁၁-၂၀၂၆) ရက်နေ့တွင် အသိသက်သေများရှေ့မှောက်တွင် ဦးကျော်လှအေးနှင့် ဒေါ်မြသီတာတို့သည် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲခြင်း ကတိစာချုပ်နှင့် သားသမီးမိဘမခံနှစ်ပိုင်ခွင့်၊ နှစ်ဦးပိုင်ပစ္စည်း ခွဲဝေခြင်း နှစ်ဦးသဘောတူဝန်ခံကတိပြုစာချုပ်တို့အား ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ပါ၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ပြီးသည့် အချိန်မှစ၍ တစ်ဦးစီစီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးကိစ္စ အဝဝနှင့်စပ်လျဉ်း၍ ကျွန်ုတ်ဦးနှင့်သက်ဆိုင် ပတ်သက်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတဖြင့်အောင် (LL.B, DBL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၀၇၈)
ရုံး- အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊
သန်လျင်မြို့။ ဖုန်း-၀၉- ၄၂၅၃၇၃၇၇

❂ ကျောပုံမှ

ပုဂံရှေ့ဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်မုန်းလပြည့်နေ့တွင် သမိုင်းအထင်ကရဘုရားများ၌ ခရီးသွားဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်ကားနေကြောင်း သိရသည်။ တန်ဆောင်တိုင်ရံပိတ်ရက်ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားဘုရားဖူးများပြား ခြင်းနှင့်အတူ နေ့ချင်းပြန်ဘုရားဖူးများ၊ မြန်မာပြည်အရပ်ရပ်မှ လာရောက်သည့် ခရီးသွားများပြားခြင်းကြောင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခွင့်ရိုသာများတွင် တည်းခိုသူများပြားနေကြောင်း၊ သမိုင်းအထင်ကရဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်၊ အလိုတော်ပြည့်၊ မနုဟာ၊ မြစေတီ၊ အာနန္ဒာ၊ သမ္ဗုဒ္ဓ၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ငွက်ပစ်တောင်၊ ဗူးဘုရား၊ ကန်တော့ပလွင်ဘုရားတို့တွင် ခရီးသွားဘုရားဖူးများဖြင့် အထူးစည်ကားနေပြီး ဂူပြောက်ကြီး၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ သိကြားပုန်း၊ သိကြားဟစ်၊ မိမိးညက်ညီအစ်မ၊ ဝတ္ထွန်တောဘုရားစု၊ ရင်မနဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ မလုံးဖြစ်၊ မလာဖြစ်ဘုရား၊ အမိုးဖွင့် (ဘုရားခေါ်)ရေတော်မုဏ်ဘုရား၊ ရွှေနန်းရင်တောဘုရားစု တို့တွင်လည်း ပုဂံဘုရားသမိုင်းလေ့လာလိုသူများ၊ နံရံဆေးရေးပန်းချီလေ့လာလိုသူများ၊ ဘုရားများတည်ဆောက်ပုံ ဗိသုကာပညာရပ်လေ့လာလိုသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင် ရံဖိုဝိတ်ရက်ကာလအတွင်း ဘုရားဖူးများပြားခြင်းနှင့်အတူ မြင်းလှည်းအင်းလိုက်သူများ၊ မိနီအိုးဝေအင်းလိုက်သူများ၊ ကားအင်းလိုက်သူများ၊ စားသောက်ဆိုင်များ၊ လက်အလုပ်နန်းချီဆွဲသူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ အလုပ်အကိုင် အခွင့်အလမ်းများ၊ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

❒ ၂၀၂၆ ခုနှစ်မှ

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေး တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့်လည်း ကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကို ခြောက်ဂိုး - သုံးဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ် အသင်းကို လေးဂိုး - သုံးဂိုးဖြင့်လည်းကောင်း၊ ကချင် ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့်လည်း ကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ အဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် ဓိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေး နိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ M-League II မှ

ပွဲစဉ်(၇)အဖြစ် နိုဝင်ဘာ ၂၅ ရက် ပဒုမ္မာကွင်း၌ ရခိုင်ယူနိုက်တက် အသင်းနှင့် မနေ့ာအသင်း၊ သန်လျင် သီဟဒီပကွင်း၌ တက္ကသိုလ်အသင်း နှင့် ရွိုင်ရယ်ဒဂုံအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ Enjoy Brother အသင်းနှင့် ရာမညယူနိုက်တက် အသင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် သီဟဒီပကွင်း၌ VUE နေပြည်တော်အသင်း နှင့် Junior Lions အသင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ပဒုမ္မာကွင်း၌ Elite Kings အသင်းနှင့် Asia Lion အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ယခုတစ်ပတ်တွင် ဒုတိယနေရာမှ တက္ကသိုလ်အသင်းနှင့် တတိယနေရာမှ ရွိုင်ရယ်ဒဂုံအသင်းတို့ ထိပ်တိုက် တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ် ရှိနေပြီး အဆင့် (၄) နေရာမှ VUE နေပြည်တော်အသင်းနှင့် အဆင့် (၅) နေရာမှ Junior Lions အသင်းတို့ တွေ့ဆုံမှုမှာလည်း ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်သည်။

ပွဲစဉ် (၆) အပြီးတွင် ရခိုင်ယူနိုက် တက်အသင်းက ၁၅ မှတ်၊ တက္ကသိုလ် အသင်းက ၁၃ မှတ်၊ တက္ကသိုလ် အသင်းက ၃၃ မှတ်၊ ရခိုင်ယူနိုက် တက်အသင်းက ၁၂ မှတ်၊ VUE နေပြည်တော်အသင်းက ၁၁ မှတ်၊ Junior Lions အသင်းက ၁၀ မှတ်၊ ရာမညယူနိုက်တက်အသင်း က ကိုးမှတ်၊ မနေ့ာအသင်းက ငါးမှတ်၊ Asia Lion အသင်းနှင့် Elite Kings အသင်းက လေးမှတ်စီရရှိထားပြီး Enjoy Brother အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးနေကာ အမှတ်မရသေး ပေ။ သတင်း - ညီမြတ်သော်တာ

ဓာတ်ပုံ - MLeague

❖ M-League ယူ-၂၀ မှ

ဒဂုံစတား ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ တတိယနေရာရခဲ့ပြီး ဂိုးပြတ်ရှုံးခဲ့သည့် ရှမ်းယူနိုက်တက်အသင်း မှာမူ အဆင့်(၆)နေရာအား Falocn အသင်းကို လွှဲပေးခဲ့ရသည်။ ဒဂုံစတားယူနိုက်တက်အသင်း အတွက် ဂိုးများကို ၃၀၊ ၃၈၊ ၄၇၊ ၈၈ မိနစ် တို့တွင် ညီနိုင်၊ ၆၉ မိနစ်တွင် အောင်ပြည့်ဖြိုး တို့ကသွင်းယူပြီး ကျန်တစ်ဂိုးမှာ ၈၃ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းမှ ဆလိုင်း အုံဘွယ်နောင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ချေဂိုးတစ်ဂိုးကို ၆၇ မိနစ်တွင် ရွိုင်းအောင်က သွင်းယူသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲဖွဲ့ Falcon အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်းသည် ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲကိုအသုံးချကာ နိုင်ပွဲရယူပြီး အဆင့် (၆) နေရာ ရယူခဲ့သည်။ Falcon အသင်းအတွက် ဂိုးများကို ၆၃ မိနစ်တွင် ဟန်ထူးလွင်၊ ၉၀+၄ မိနစ်တွင် လင်းရောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၆) ဒုတိယနေ့ကို နိုဝင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ ရတနာဝုံအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ရခိုင်ယူနိုက်တက်အသင်း နှင့် ပြည်နယ်ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် များအဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် ဓိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေး နိုင်ကြောင်း သိရသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MLeague

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သခ်ၤာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂** ရက်နေ့မှ **၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့် အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးအောင်ဌေး
RIT–85၊ OTS(81)၊ B.E (Civil)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် (၇၉/၈၁)နေ (ဦးကျော်သန်း–ဒေါ်ခင်ညွှန့်)တို့၏သား၊ (ဦးလှသိန်း–ဒေါ်တင်လှ) တို့၏သားသမက်၊ ဦးသန်းဆင့်–(ဒေါ်ရင်ဌေး)၊ (ဦးလှဌေး)၊ ဦးဝင်းသိန်း–ဒေါ်ရီရီလွင်တို့၏ ညီ/မောင်၊ (ဦးတင်ထွန်း)–ဒေါ်သိန်းသိန်းနွဲ့၊ (ဒေါ်လှကေသီ)၊ (ဦးသန်းထိုက်)–ဒေါ်ဒေးသီတာ၊ မဖြူဖြူသိန်း၊ မသင်းသင်းထွေးတို့၏ အစ်ကို၊ ဒေါ်မော်မော်သိန်း၏ချစ်လွင်စာသောခင်ပွန်း၊ မသိမ့်သီရိအောင်ဌေး၊ မင်းသိုဝ အောင်၊ ယွန်းရတီအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်ဖြစ်သူသည် ၂၃–၁၁–၂၀၂၆ (တနလ်ာနေ့) ည ၁၁:၅၀ နာရီတွင် SSC ဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၂၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မျက်မြူးကြီး မိတ်သဟဲဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးရှု ၂၉–၁၁–၂၀၂၆ (တနင်္ဂနွေ) ည ၁၀:၅၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြေကင်းဥယျာဉ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀/ဈေးပေါက်ကံ၊ မြေကွက်အမှတ်(၁/က၁)၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၁/က၁)၊ ဗိုလ်တစ်ဇလဲ၊ ၂၀/ဈေးပေါက်ကံ၊ ဒေါ်မြတင်(CE–၀၇၆၅၈၁)အမည်ပေါက် နှစ်(၆၀)ဂရန်နှင့်မြေအား အမည်ပေါက်ဒေါ်မြတင်(မိခင်)သည် (၅–၉–၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ဦးညွှန့်တင်(ဖခင်)သည် (၂၇–၁၁–၁၉၇၅)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် ဒေါ်တင်တင်မွန်[၁/မရက(နိုင်)၀၈၂၂၅၀]၊ ဦးတင်တိုး[၁/မရက(နိုင်)၀၆၀၄၂၉]တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီးများ တော်ဝင်ကြောင်း၎င်းတို့ (၂)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံခွင့် ကိုယ်တိုင်မရွေးစားသားသမီး တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ပါကြောင်း ကျွမ်းကျိန်လွှာအမှတ်–၁၁၃/၂၀၂၆–၁–၂၅၅၅ ထောက်ခံကျွမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်သေစာရင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ ပြန်တမ်းဝင်အမှတ်ကြည်း ၇၆၁၁)၊ ဒုတိယဗိုလ်မှူးကြီးသုရည္ဉ်တင်သည် တပ်မတော်မှတ်တမ်းရုံရှိ အရာရှိကိုယ်ရေးမှတ်တမ်းအရ (၂၅–၁၁–၁၉၇၅)ရက်နေ့တွင် တိုက်ပွဲကျဆုံး ခဲ့သည်မှာ မှန်ကန်ပါကြောင်း ဌာနမှူး၊ စစ်မှုထမ်းဆဲဌာန၊ တပ်မတော်မှတ်တမ်းရုံး၏ ထောက်ခံချက်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုရှင်းရေစာရင်း၊ ဝင်စောအမှတ်–၁၂၇၃/၂၀–၁၀–၂၀၂၆ ရက်စွဲပါစာဖြင့် လျှောက်ထားမြေကွက်ထဲမှ ပေ(၂၀×၆၀)အကျယ်ကို ဒေါ်နန်း(ခ)ခေါ်ခိုင်ခိုင်မော်နှင့် ၎င်းတို့၏ဦးစီးဦးဝင်းအောင်ထူးထံ ရောင်းချထားပါကြောင်း၊ ဦးဝင်းအောင်ထူးနှင့် ဒေါ်နန်း(ခ) ဒေါ်ခိုင်ခိုင်မော်တို့ကလည်း၊ ဒေါ်တင်ဝင်မှန်၊ ဦးတင်တိုး၏ ပိုင်ဆိုင်မြေပုံကူးယူရန်လျှောက်ထားမှုကိုသိရှိသဘောတူပြီး တစ်စုံတစ်ရာ ကန့်ကွက်ရန်မရှိပါကြောင်း ဒေါတင်တင်မွန်၊ ဦးတင်တိုး၊ ဦးဝင်းအောင်ထူး၊ ဒေါ်နန်း(ခ)ခေါ်ခိုင်ခိုင်မော်တို့မှ ဝန်ခံကတိပြုစာတို့ ပူးတွဲတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်ခိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့မြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း (အလယ်)၊ အမှတ်(၁၁၆)၊ ပထမထပ်၊ (၂–လွှာ)၊ အကျယ်အဝန်း(၂၅×၅၀)ပေရှိ လူနေကုတ်ကန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေစက်မော်တာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်း(၁၂/အစန(နိုင်)၀၂၈၄၀၄)အပါအဝင် မောင်နမ (၅)ဦးတို့မှ မောင်နမများ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွမ်းစက်မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၃–၁၁–၂၀၂၆)ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စာချုပ်"ကို ချုပ်ဆိုပြီး ဝန်ဖိုးငွေ၏ တစ်စိတ်တစ်ဝေသက္ခို ပေးချေခဲ့ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူ မဆို ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးခိုင်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရွှေတောင်ကုန်းရိပ်သာ၊ သံလွင်အောင်တော်မူလမ်း၊ အမှတ် (၄၈/A)၊ နေ ဦးသောင်း(အင်ဂျင်နီယာမှူးကြီး–ငြိမ်း)၊ တိုင်း/ဆောက်–၁၁၊ ရန်ကုန်တိုင်း)–ဒေါ်ခင်ခင်လတ်]တို့၏ သမီးကြီး၊ (စည်သူဦးလှမောင်–ဒေါ်သိန်းမြ)တို့၏ သမီးချွေးမ၊ ဦးမျိုးဇေမင်း (EX2E Uniteam)၏ ချစ်လှစွာသော ဇနီး၊ ဦးမျိုးဇွန်–ဒေါ်စန္ဒာလွင်၊ ဦးမျိုးထွန်း–ဒေါ်ကိတာနေဝါလှိုင်တို့၏ အစ်ကြီး၊ ကိုအောင်မျိုးဇော်(Two Brothers Car Polish and Detailing)၊ ကိုရဲဝင့်ဇော်(347Aquarium)–မနှင်းရည်လွင် တို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၂၃–၁၁–၂၀၂၆ (တနလ်ာနေ့) ည ၉:၅၀ နာရီတွင် ဖြဝါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄–၁၁–၂၀၂၆(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူးရှု ၂၉–၁၁–၂၀၂၆(တနင်္ဂနွေ) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်(၄၈/A)၊ သံလွင်အောင်တော်မူလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ GOMER KITCHEN Korean Restaurant ပိုင်ရှင်ဖြစ်သူ ခေါ်မြတ်မွန်ဦး နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်(၁၂/အစန(နိုင်)၂၀၂၈၄၆)၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

GOMER KITCHEN Korean Restaurant ၏ နွင့်ပြုချက်မရှိဘဲ ဆိုင်အမည်နှင့် လုပ်ငန်းပိုင်ဆိုင်ရာကိစ္စရပ်များအား အသုံးပြုခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ပြီး Facebook အကောင့် –Li Li (Fake Account) နှင့် မော်ဒိုးယူး(၁၆)ETHAN (Tiktok အကောင့်– @e.than220)တို့မှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများနှင့် Social Media Group များတွင် အသရေဖျက်စေသော အသုံးအနှုန်းများဖြင့် ရေးသားပြောဆို ဖြန့်ဝေနေသည်များကို ကြားသိရလျက်ရှိပါသည်။ ထို့ကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သောကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့် ဆိုင်၏ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေသော ကောလာဟလများဖြန့်ဝေခြင်း၊ ဆီလုံထရောနှစ် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုတွင် အသုံးပြု၍ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်နှင့် ထိုဖိုက် နစ်နာစေရန်ရည်ရွယ်၍ မမှန်ကန်ပြောဆို ရေးသားခြင်း မှုဝေခြင်း မှတ်ချက်ပေးခြင်း များအား ဤကြေညာထုတ်ပြန်သည့်ရက်နေ့မှစ၍ ချက်ချင်း ရပ်တန့်ဖျက်သိမ်း ဖြေရှင်း ပေးပါရန်နှင့် နောက်နောင် ထပ်မံပြုလုပ်ရန် အလေးအနက် သတိပေးအပ်ပါသည်။ ဤသတိပေးချက်အား ဂျစ်လျချစ္စရ် ထပ်မံကျူးလွန်ပြုလုပ်မည်ဆိုပါက မည်သူ့ကိုမဆို သက်ဆိုင်ရာ နည်းလမ်းများဖြင့် စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး တည်ဆဲဥပဒေများ၊ ဆက်သွယ်ရေးဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ခြမ်မွန်ဦး၏ လွဲအပ်ညွှန်ကြားချက်အရ
ဒေါ်လှဌေးရီ (LL.B)
အထက်တန်းရေနေ့ (စဉ်–၅၇၆၆)(၁၅၅–၁၀–၂၀၂၆)
ရှေ့နေများရုံးခန်း၊ ရော်ဘီဟယ်ရုံးဝင်း၊ ဓနိဉာဏ်မြို့နယ်။
Ph:09–263636616

မစန်းရတနာဦး[၁၁/သတန(နိုင်)၀၇၃၂၇၀]နှင့် အများသိစေရန် ကြေညာခြင်း

မစန်းရတနာဦး(ခ)နွေးနွေး[၁၁/သတန(နိုင်)၀၇၃၂၇၀] (အဖ)ဦးဝင်မောင်သိန်းနှင့် အမိ ဒေါ်သိန်းသန်းဆေးတို့၏ သမီးသည် (၂၄–၁၂–၂၀၂၄)ရက်နေ့တွင် မစန္ဒဒ်းဆေး အမည်ပေါက် ဆိုင်ကယ်ယာဉ်အမှတ်–RKE 11772၊ Honda Snoopy 110 အနက်ရောင် ၂၀၁၉ latest model အမျိုးအစား၊ ကျွဲငွေ သိန်း(၁၅၀)တန်ဖိုးရှိ ဆိုင်ကယ်အား ခေတ္တငှားရမ်းအသုံးပြု၍ပြီးနောက် ပြန်လည်အပ်နှံခြင်းမရှိကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေဘက်မှ လူကြီးမင်းတို့ထံသို့ ဆက်သွယ်တောင်းခံသည့်အခါတွင် အဆိုပါ ဆိုင်ကယ် ပျောက်ဆုံးသွားကြောင်းပြီးဖြစ်ကြောင်းနှင့် ၎င်းမှာကလေးမွေးပြီးဖြစ်၍ လုံးဝ ပြန်လည် မပေးလျော်နိုင်ကြောင်း၊ အကြောင်းပြန်ကြားပြီး အတွေ့မခဲသဲ့ ရှောင်လွှဲခဲ့ကြောင်း လွှဲအပ်ချက်အရ သိရှိရပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထက်ဖော်ပြပါဆိုင်ကယ်ကိုပြန်လည်ပေးအပ်ပါရန် (သို့) ဆိုင်ကယ် တန်ဖိုးငွေ သိန်း(၁၅၀)အား လာရောက်ပေးအပ်ပါရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ပြန်လည်ပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ ဆက်လက် အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း မစန်းရတနာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်ပေးသူ
မစုနှင်းဆေး
[၁၁/သတန(နိုင်)၀၉၇၃၆၇]

လွှဲအပ်ချက်အရ
ဒေါ်နီးဆွယ်ရီ
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၂၃၀)
အဖွတ်ဌာန၊ ဓလဝန်း၊ ကန့်ဇံနောက်ရုံကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၉၈၄၃၇၄၂၉

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မျိုးခိုင်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရွှေတောင်ကုန်းရိပ်သာ၊ သံလွင်အောင်တော်မူလမ်း၊ အမှတ် (၄၈/A)၊ နေ ဦးသောင်း(အင်ဂျင်နီယာမှူးကြီး–ငြိမ်း)၊ တိုင်း/ဆောက်–၁၁၊ ရန်ကုန်တိုင်း)–ဒေါ်ခင်ခင်လတ်]တို့၏ သမီးကြီး၊ (စည်သူဦးလှမောင်–ဒေါ်သိန်းမြ)တို့၏ သမီးချွေးမ၊ ဦးမျိုးဇေမင်း (EX2E Uniteam)၏ ချစ်လှစွာသော ဇနီး၊ ဦးမျိုးဇွန်–ဒေါ်စန္ဒာလွင်၊ ဦးမျိုးထွန်း–ဒေါ်ကိတာနေဝါလှိုင်တို့၏ အစ်ကြီး၊ ကိုအောင်မျိုးဇော်(Two Brothers Car Polish and Detailing)၊ ကိုရဲဝင့်ဇော်(347Aquarium)–မနှင်းရည်လွင် တို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၂၃–၁၁–၂၀၂၆ (တနလ်ာနေ့) ည ၉:၅၀ နာရီတွင် ဖြဝါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄–၁၁–၂၀၂၆(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူးရှု ၂၉–၁၁–၂၀၂၆(တနင်္ဂနွေ) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်(၄၈/A)၊ သံလွင်အောင်တော်မူလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးငွေမိုး (မော်လမြိုင်မြို့)
ဒု–ရဲမှူး(ငြိမ်း) (ငွေစာရင်း)
အသက်(၈၈)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးတင်လွှိင်–ဒေါ်မြမြေ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးယုခိန်–ဒေါ်ငွေတင်)တို့၏ သားသမက်၊ (ဦးလှိုင်ထွန်း)–ဒေါ်ခင်ဌေးငွေ၊ (ဦးထွန်းမင်း–ဒေါ်ခင်သန်းအေး)၊ (ဦးမင်းဟန်–ဒေါ်ဝင်းကြည်)၊ ဦးအောင်ကေဝင်း–(ဒေါ်ခင်ခင်ရွှဲ)၊ (ဦးဟန်တင့်)–ဒေါ်သန်းစိန်)၊ ဦးသန်းဇိုး–ဒေါ်စိုးစိုးမြင့်တို့၏ အစ်ကိုကြီး၊ (ဒေါ်စန်းစန်းမြင့်)၏ ခင်ပွန်း၊ ဦးကျော်ဆင့်–ဒေါ်လှလှဇိုး၊ ဦးမြင့်သိန်း (နိုင်ငံခြားရေးဝန်ကြီးဌာန–ငြိမ်း)–ဒေါ်သီတာစိုး၊ ဒေါက်တာကျော်အောင်ထွန်း–ဒေါက်တာမာလာစိုး၊ ဦးသန်းထွဋ်–ဒေါ်နန်းယုယုမိုး(ပန်းခရာဆန်ရောင်းဝယ်ရေး)၊ ဦးရဲထွဋ်–ဒေါ်သီတာထွေး(သီတာဖက်ရှင်ကြည့်မြင်တိုင် ညစျေး)၊ (ဦးအောင်သိုက်စိုး)–ဒေါ်သီသီမိုးတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၃–၁၁–၂၀၂၆ (တနလ်ာနေ့) နံနက် ၈:၂၀ နာရီတွင် အမှတ်(၁၃၈၅)၊ ဧရာဝတီလမ်း၊ ကြည်မြင်တိုင်မြို့နယ်နေ ရန်ကုန်မြို့ရှိ သားကြီးအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၂၆(ဒေသကြားနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးအသေးတိုက်အဆောင်သစ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။) [ကွယ်လွန်သူအားရည်စူးရှု ၂၉–၁၁–၂၀၂၆ (တနင်္ဂနွေ) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ိန်းကျွန်းမြို့နယ်၊ ၈/သုမင်္ဂလာရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၉၀၁)၊ နံ၀မထပ်၊ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဇော်ဟိန်း (၁)ဦးထံမှောင်း[၁/တမန(နိုင်)၀၉၆၆၁၁]နှင့် ဒေါ်မွှာဝင်း (၁)ဦးတို့မှ ဝယ်ယူထားရှိပါသည်။ အမည်ပေါက်ပိုင်ရှင်များက ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြား၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တစ်စိတ်တစ်ဝေသက္ခို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်သန်း အထက်တန်းရှေ့နေ(စဉ်–၂၃၂၄)
တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံတြိဂုံသစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉–၇၈၀၄၅၅၉၂၂

Ninestar
အိမ်ခြံမြေရောင်းဝယ်ရေး
ဒဂုံမြို့သစ်လေးမြို့နယ်မှမြို့ကိုများ
ဈေးကောင်းပေးဝယ်သည်။
09-694955846

ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းရွှေ၏ သမီး မဇင်မာနိုင် [၅/ဒပယ(နိုင်) ၁၅၃၈၂၈]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း–၀၉–၆၇၀၁၅၀၂၅၀

ကန့်ကွက်လိုက ထိုးသော မှတ်ပုံတင်အမှတ်များ၊ တရားရုံးအထောက်အထားစာရင်းရုံးပြင်ဦး ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိ၊ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

စဉ်	လျော်ကြေးထားသူ		လျော်ကြေးထားသည်						လျော်ကြေးထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေပုံတိုင်း	မြေကွက်	မြေအမည်ခေါ်ဝေါ်ပုံ	လိပ်စာ		
၁။	ဒေါ်သင်းသင်းခိုင်	၁/တမန(နိုင်)၀၀၀၃၀၄	ဒဂုံတြိဂုံ	၅	၄၇/ဘ	ဒေါ်သန္တာအောင်း၁	၄၇ဘ၊ ယောမင်းကြီးလမ်း၊ (၅)ရပ်ကွက်		ဂရန်ခဲ့
၂။	ဒေါ်သင်းသင်းမိုးမိုး၁	၁၁/စတန(နိုင်)၀၀၉၆၆၆	သာဇက်တာ	၃	၃/မာန်မြေ	ဦးတင်ယု	၁ ဝ၆/၁၈၊ မာန်မြေ(၂၀)လမ်း၊ (၃)ရပ်ကွက်		အပြည်ပြောင်း
၃။	ဦးမိုးဝင်း	၁၂/တမန(နိုင်)၀၀၂၂၈၅	တောင်ငူကုလား	၁၃	၅၉၉/၁၈	ဒေါ်သန်းသန်းလှ	၅၉၉/၁၈၊ ဝဲလဲဘုရား(၃)လမ်း၊ (၁၁)ရပ်ကွက်		အပြည်ပြောင်း
၄။	ဒေါ်အေးအေးနု၃	၁၂/မတက(နိုင်)၁၁၉၄၅၅	လှိုင်	၁၂/အေ	၁၉၆၅	ဒေါ်ခင်ဆေး	၃၊ ဝ/အေဝတောနာလမ်း၊မြေဒိုင်ကုန်း(တောင်)ရပ်ကွက်		အပြည်ပြောင်း
၅။	ဒေါ်သြဇာမြင့်ဦး၃	၁၂/စဝန(နိုင်)၀၁၄၀၀၀	စမ်းချောင်း	၂၆	၅၆	ဦးမောင်ဝင်း	၅၆ရ/၈၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်		အပြည်ပြောင်း
၆။	ဒေါ်ပုလဲ	၁၂/ဗတန(နိုင်)၀၂၂၄၀	လှိုင်သာယာ	သဇက်တာ–၁	၇၉၅/က	ဦးမောင်ဝင်း	၅၆ရ/၈၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်		အပြည်ပြောင်း
၇။	ဒေါ်အေးအေးစိုင်(ခ)ဆေးစိုင်ကျော်	၁၂/အစန(နိုင်)၁၁၄၃၀၉	ရွာ/B	၁၁	၅၆/ဂ	ဒေါ်သီသီအေးအေး	၅၆/ဂ၊ စိန်ပန်းပြင်လမ်း၊ ပုလဲ(၁)ရပ်ကွက်		အပြည်ပြောင်း
၈။	ဒေါ်သီးမိုးဝင်	၉/မထလ(နိုင်)၀၀၀၉၉၃	ခရုပြောက်	၄၃	၃၁၀၆	ဦးအောင်မြင့်လွင်+၁	၁၁၀၆၊ စက်မှုလယ်ယာလမ်း၊ (၄၆)ရပ်ကွက်		အပြည်ပြောင်း
၉။	ဦးရာဇာလော်ဝင်း	၁၂/မတက(နိုင်)၀၀၇၃၂၁	ခရုပြောက်	၁၁	၄၅၀/က	ဒေါ်ပုလဲအေးမြင့်	၄၅၀/က၊ ဦးဘစ်လမ်း၊ (၁၀)ရပ်ကွက်		ဂရန်ခဲ့
၁၀။	ဒေါ်ပုလဲမွန်ဂ	၁၂/မတက(နိုင်)၀၀၆၆၆၂	ခရုပြောက်	၁၁	၄၅၀/ခ	ဦးရာဇာဇော်ဝင်း+၁	၄၅၀/က၊ ဦးဘစ်လမ်း၊ (၁၀)ရပ်ကွက်		ဂရန်ခဲ့
၁၁။	ဦးအောင်သိန်းပြင်း+၃	၁၂/ဥကမ(နိုင်)၁၁၃၀၇၉	တောင်ငူကုလား	၁၃	၂၁	ဦးဒလဝန်း(၁)ဦးညဝန်း၊ ဒေါ်ခင်ကြည်(၃)ဒေါ်ခင်ကြည်ဝင်း၊ ဒေါ်အောင်ဝေဒိန်းပြင်း	၂၁၊ ဓေဝဒကလမ်း၊ (၁၃)ရပ်ကွက်		အပြည်ပြောင်း
၁၂။	ဦးကျေးဆင်နိုး+၁	၁၃/ကလတ(နိုင်)၀၂၁၄၉၉	လှိုင်သာယာ	၄–A	၁၂၄	ဒေါ်ညွှန့်ယဉ်ဝင်း	၁၂၄ မဟာဘောလလမ်းနှင့်ကုန်းဘောင်လမ်းထောင့်၊ (၆)ရပ်ကွက်		အပြည်ပြောင်း
၁၃။	ဦးသက်ဝိုင်ဖြူအောင်	၁၂/အလန(နိုင်)၀၃၄၃၅၀	လှိုင်သာယာ	၁၉–ကအ	၀၁၀	ဦးသက်ဝိုင်ဖြူအောင်	၀၁၀၊ ကြောင်လမ်း၊ ကုလားကြီးစုကျေးရွာအုပ်စု		ဂရန်သစ်
၁၄။

❖ နိုင်ငံတော် ရွှေသီဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရား၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးခရီးသွားပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ခရီးသွားများဖြင့် စည်ကား

ညောင်ဦး နိုဝင်ဘာ ၂၄

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးခရီးသွားပြည်သူများဖြင့် သမိုင်းအထင်ကရဘုရားများတွင် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ✪

M-League II ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ဇယားထိပ်ပိုင်းမှ အသင်းများ ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိပ်ကော်မတီတို့ကကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ Grand Royal M-League II ပြိုင်ပွဲ ပွဲစဉ်(၇)ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှ အသင်းများ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❍





ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

M-League ယူ-၂၀ လူငယ်လိဂ်တွင် ဒဂုံစတားယူနိုက်တက်အသင်း တတိယရရှိပြီး ရှမ်းယူနိုက်တက် ဂိုးပြတ်ရှုံးပွဲကြောင့် Falcon အသင်း အဆင့်(၆)၌ ရပ်တည်ခွင့်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၆) ပထမနေ့ကို နိုဝင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်း တတိယဆုရရှိပြီး ရှမ်းယူနိုက်တက်ရှုံးပွဲကြောင့် Falcon အသင်း အဆင့်(၆)၌ ရပ်တည်ခွင့်ရရှိခဲ့သည်။

သန်လျင်သီဟဒီပကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၃ သို့ ❖

ယနေ့ ဖတ်စရာ

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် လပြည့်နေ့ည အပြီးသတ်ယှဉ်ပြိုင် စာမျက်နှာ » ၁၁

ဗီဂျိုနိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျောင်းများပိတ်မည် စာမျက်နှာ » ၁၃

(၅၁၆)နှစ်ပြည့် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်ပွဲ၊ အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ စာမျက်နှာ » ၁၈

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ စတင်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၄

ဖူဆယ်အားကစား အဆင့် အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့်မျိုးဆက်သစ်ဖူဆယ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်ပြီး အားကစားရေးရာဝန်ကြီးဌာနကကြီးမှူး၍အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ ကျင်းပသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❐